# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ပြာသိုလကွယ်၊ အင်္ဂါနေ့။ Tuesday, 16 January 2018 ၉၁၇၁


**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ပြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီးတို့အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီးတို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့က ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ တွေ့ဆုံနှုတ်ဆက်စဉ်။


ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ
စာမျက်နှာ - ၆

လာမည့် လေးနှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိ
စာမျက်နှာ - ၇

လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၈ ခုနှစ်အတွင်း ကျင်းပသွားမည်
စာမျက်နှာ - ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအတွက် လုပ်ဖိုးခေါ်ကြားစခန်းတည်ဆောက်မှု အချိန်မီအသင့်ဖြစ်မည်
စာမျက်နှာ - ၁၁

မြို့ကြီးတွေမှာ လျှောင်နဲ့ပတ်သက်တဲ့ ပညာပေးမှုတွေ၊ ကာကွယ်ပေးမှုတွေ ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းတွေ လုပ်ဖို့ကောင်းတယ်
စာမျက်နှာ - ၁၂


## မြန်မာ-လာအို နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကျင်းပ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာ-လာအို နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ တက်ရောက်ဆွေးနွေးကြသည်။

နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် မြန်မာ-လာအို နှစ်နိုင်ငံသည် သမိုင်းကြောင်းအရ ယဉ်ကျေးမှုတူညီသည့်နိုင်ငံများဖြစ်သည့်အတွက် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား **စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကြေးမုံ

## တိုင်းရင်းသားအားလုံးနှင့် တန်းတူရည်တူ

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံဟု ခေါ်တွင်သော ဤပထဝီမြေ၌ ရှေးဦးကာလကတည်းက တိုင်းရင်းသားလူမျိုးအုပ်စုများ သွေးသားနှင့်သူ အေးချမ်းစွာရပ်တည် နေထိုင်ခဲ့ကြသည်။ မိသားစုဝင်များကဲ့သို့ တစ်ခါတစ်ရံ၌ အခန့်မသင့်လျှင် ပဋိပက္ခဖြစ်တတ်သော်လည်း အနေကြာသောအခါ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံကြသည်။ မြန်မာနိုင်ငံတွင် ပြည်ပရန်အရေးကိစ္စများ ပေါ်ပေါက်ခဲ့လျှင် နိုင်ငံကိုဦးဆောင်သူ၏ ခေါင်းဆောင်မှု အောက်တွင် တစည်းတလုံးတည်း အတူလက်တွဲ ကာကွယ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကတည်းက တောင်ပေါ်မြေပြန့်နေ တိုင်းရင်းသားပြည်သူအားလုံး တစ်သွေးတည်း တစ်သားတည်း တန်းတူရည်တူ ဆက်ဆံနေထိုင်ခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် တိုင်းရင်းသားများအတွင်း အထင်အမြင်လွဲမှားပြီး သွေးကွဲသူအချို့နှင့် တိုင်းရင်းသားများအပေါ် သွေးခွဲခဲ့သော ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေကြောင့် လွတ်လပ်ရေးရပြီးကတည်းက တိုင်းရင်းသားဒေသအချို့တွင် မငြိမ်းချမ်းသော အသွင်ဆောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများ သွေးမကွဲကြပါ။ အမြင်မတူ ပဋိပက္ခဖြစ်လျှင်လည်း ခဏသာဖြစ်၍ ချစ်ချစ်ခင်ခင် ပြန်လည်နေထိုင်ကြသည်။

လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို နိုင်ငံ့ခေါင်းဆောင်များက ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်ကို တွေ့ရသည်။ သို့သော် သံသယများ၊ အမြင်မတူ ဝါဒကွဲမှုများမှာ ကျန်ရှိနေဆဲဖြစ်သည်။ တိုင်းရင်းသားပြည်သူအများစုမှာ ငြိမ်းငြိမ်းချမ်းချမ်း နေချင်ကြသည်။ ချစ်ချစ်ခင်ခင် အစဉ်အလာမပျက် လက်တွဲရပ်တည်နေလိုကြသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန် ယနေ့ကြိုးပမ်းအားထုတ်နေသည်ကို တွေ့ရသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာနေချိန်တွင် တစ်ဖက်၌လည်း နိုင်ငံ့ခေါင်းဆောင်များက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တန်းတူရည်တူရပ်တည်ရေးကို လက်တွေ့သက်သေပြ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

လတ်တလောအနေအထား ကြည့်မည်ဆိုလျှင် တိုင်းရင်းသားအရေးများကို အလေးထားဆောင်ရွက်ပေးနေသည်မှာ ယခင်နှင့်မတူ အထင်အရှားတွေ့ရသည်။ ယခင်က ပြည်နယ်တို့၏ နေ့ကြီးရက်ကြီးများအား ပုံမှန်အားဖြင့် ပြည်နယ်အလိုက်သာ ဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် လေးလေးစားစား ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

မကြာသေးမီကာလက ကရင်ပြည်နယ်နေ့၊ ရှမ်းနှစ်သစ်ကူးပွဲတော်၊ ကယားပြည်နယ်နေ့ကဲ့သို့ ပြည်နယ်များ၏ နေ့ကြီးရက်ကြီးများတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က သဝဏ်လွှာများ ပါးခဲ့ကြသည့်အပြင် ရှမ်း၊ ချင်း၊ ကချင်၊ ကယားတို့၏ ပွဲတော်များတွင်လည်း ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကိုယ်တိုင် ချစ်ချစ်ခင်ခင် သွားရောက်ဆင်နွှဲခဲ့ကြသည်ကို တွေ့ရသည်။ ထိုမျှသာမက တိုင်းရင်းသားလူမျိုးစုတစ်စုချင်းအလိုက် ကျင်းပကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်များတွင် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များပါ တက်ရောက်ဆင်နွှဲခဲ့ကြသည်မှာ ချစ်ကြည်ရင်းနှီးမှုနှင့် လက်ရည်တစ်ပြင်တည်းရှိမှုကို သက်သေပြနေခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် တိုင်းရင်းသားလူမျိုးအားလုံး တန်းတူရည်တူရှိနေကြသည်ကို မြင်တွေ့နေရသည်။ ယခင်မမြင်ရ၊ မကြားရသည့် တိုင်းရင်းသားလူမျိုးစုများ၏ လှုပ်ရှားမှု၊ ဖွံ့ဖြိုးမှုများကို မြင်ရကြားရပြီ။ တိုင်းရင်းသားများ ပျော်ရွှင်ဝမ်းမြောက်ကြမည်မှာ စိတ်ရင်းအမှန်ပင်ဖြစ်ပေလိမ့်မည်။ သို့သော် ငြိမ်းချမ်းရေးခရီးလမ်းပေါ်သို့ ရောက်ရှိရန်လိုအပ်နေသေးသဖြင့် ငြိမ်းချမ်းရေးခရီးမဝေးရအောင် အားလုံးယခုထက်ပို၍ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဤမြေတွင်နေ၊ ဤရေကိုသောက်သည့် တိုင်းရင်းသားပြည်သူအားလုံးတို့မှာ မိသားစုတစ်စုတည်းက ဆင်းသက်လာသည့် ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်ကြသဖြင့် အချင်းချင်းစိတ်ဝမ်းမကွဲပြားကြဘဲ လက်ရည်တစ်ပြင်တည်းဖြင့် တန်းတူညီမျှ အတူတကွလက်တွဲကာ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

## (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် လူထုအခမ်းအနား ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၅**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်သည့် (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် လူထုအခမ်းအနားကို လွိုင်ကော်မြို့ ကန္တာယောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်မှ ဒု-ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားမိဘပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခြင်းတို့ ဆောင်ရွက်ကြပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ မိန့်ခွန်းကို ပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



တောင်စွန်းနယ်မြေစခန်းမှူး ရဲအုပ်ဟန်တင့် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ ရဲအုပ်တင့်လွင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ ရက်က ဘီးလင်းမြို့နယ်ဝင်းကကျေးရွာမြောက်ပိုင်း ရဲစခန်းလမ်းဆုံတွင် မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ကျေးရွာသူ ကျေးရွာသားများအား မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးများနှင့် လူကုန်ကူးမှုဆိုင်ရာများကို အသိပညာပေးဆောင်ရွက်စဉ်။ **မြို့နယ် (ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေရေးဆွဲနည်း သင်တန်းဖွင့်

**သနပ်ပင် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ ရေးဆွဲနည်းအစီအစဉ် (AVIP) သင်တန်းကို ဇန်နဝါရီ ၁၂ ရက်က အဆိုပါမြို့နယ်ကျေးလက်ရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ယာယီမြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စွန်ပိကျေးရွာ၊ ကျိုက်မဲကျေးရွာ၊ ကုက္ကိုတန်းကျေးရွာ၊ ကျားခေါင်းကျေးရွာ၊ ကွန်းကြီးကျေးရွာများမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၀ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

## မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးချယ်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**။ ။ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းရေးအတွက် ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်ရန် ရွေးကောက်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

မကြာမီကာလအတွင်း ကျင်းပမည့် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးကောက်တင်မြှောက်ပွဲတွင် မြင်းစီးဝါသနာရှင်များ ပူးပေါင်းပါဝင်ရန်နှင့် အဖွဲ့ဝင်များအဖြစ် ဇွန်လနောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် ဖိတ်ခေါ်ထားသည်။ ဒေါက်တာဆန်းထွန်းဦး ဖုန်း ၀၉-၂၀၀၉၂၉၅၊ ဦးဝင်းအောင် ဖုန်း ၀၉-၄၃၂၀၆၇၃၂၊ ဦးငွေးကျော် ဖုန်း ၀၉-၇၉၅၄၀၈၀၅၂၊ ဒေါ်သဇင်ထွန်း ဖုန်း ၀၉-၇၃၁၇၀၅၅၅နှင့် Facebook -Myanmar Equestrian Federation တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်(ရွှေဈေး) ၉၅၀၀၀၀ - ၉၅၀၀၀၀ မန္တလေး(ရွှေဈေး) ၉၅၀၀၀၀ - ၉၅၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၅/၈၃၀ ကျပ်၊ | ၈၇၅/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၀/၇၉၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၀/၈၀၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၇၅/၇၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၄၇. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၈. ၉၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၃၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၉၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၂၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၇. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၂၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၈. ၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၉. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

✻ ရှေ့ဖုံးမှ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီး မစ္စစ် နယ်လီဆီဆုလစ်တို့သည် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်သည် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ အာဆီယံအဖွဲ့အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများ၌ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ထောက်ခံကူညီရေး၊ နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးအောင်ထူး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E.Mr. Lyying SAYYASANG လည်း တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ ဇနီး မစ္စစ် နယ်လီဆီဆုလစ် နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှု



**နေပြည်တော် ဇန်နဝါရီ ၁၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ထောင်လွန်းဆီဆုလစ်၏ဇနီး မစ္စစ် နယ်လီဆီဆုလစ်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို လေ့လာကြည့်ရှုသည်။

## ဖူးမြော်ကြည်ညို

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး မစ္စစ် နယ်လီဆီဆုလစ်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိရာ ဂေါပကအဖွဲ့ဝင် ဦးကြည်လွင်က စေတီတော်၏သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မစ္စစ် နယ်လီဆီဆုလစ်သည် ဥပ္ပါတသန္တိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

## အလှူငွေ ပေးအပ်လှူဒါန်း

ယင်းနောက် မစ္စစ် နယ်လီဆီဆုလစ်က အလှူငွေ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

## ကြည့်ရှုလေ့လာ

ထို့နောက် မစ္စစ် နယ်လီဆီဆုလစ်သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှအောင်နှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာသည်။

**သတင်းစဉ်**

**○ မြန်မာ-လာအိုမှ**

ခရီးသွားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံအကြား ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ဖော်ဆောင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြပြီး လာအိုနိုင်ငံ ဝန်ကြီးချုပ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လာအိုနိုင်ငံသို့ ထပ်မံလာရောက်လည်ပတ်ရန် ဖိတ်ကြားပါကြောင်း ပြောကြားသည်။

ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးအုန်းမောင်၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးအောင်ထူး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Lyying SAYYASANG လည်း တက်ရောက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် သမ္မတအိမ်တော်၌ ဆက်လက်ကျင်းပသည့် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ရှေ့မှောက်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် လာအိုနိုင်ငံ စွမ်းအင်နှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး Mr. Khammany Inthilath တို့က နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လာအိုနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Boviengkham Vongdala တို့က နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းနှင့် လာအိုနိုင်ငံ နိုင်ငံတော်စစ်ဆေးရေးနှင့် အဂတိတိုက်ဖျက်ရေးအာဏာပိုင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr. Vilayvanh Boutdakham တို့က အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

နှစ်နိုင်ငံအကြားသိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာစီမံကိန်းရေးဆွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲနှင့် ဇီဝဒြပ်ထုစွမ်းအင်နှင့် ဇီဝလောင်စာ၊ ဆန်းသစ်သောဒြပ်ပစ္စည်းသိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးရေးသိပ္ပံနှင့်နည်းပညာ၊ မျိုးရိုးဗီဇဆိုင်ရာအရင်းအမြစ်များ၊ ဂေဟဗေဒနှင့် ဇီဝနည်းပညာ၊ စံချိန်စံညွှန်းနှင့်တိကျတိုင်းတာနည်းပညာ၊ သတင်းအချက်အလက်နည်းပညာ၊ အပြန်အလှန်သဘောတူညီသည့် အခြားပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များနှင့် အလှအပရေးရာသိပ္ပံနှင့်နည်းပညာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ ရှေ့မှောက်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုဝန်ကြီးဌာနဝန်ကြီး Mr. Khammany Inthilath တို့က နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ် (ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၏ အရှေ့ဘက်မုခ်ဦးနှင့် တံတိုင်း ၂၁၈ ခန်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ သာသနဒ္ဓဟိတကာရီဓမ္မဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီး၏ မွေးနေ့ပူဇာအတွက် နဝကမ္မအလှူငွေများအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်စာချနာယက ဓမ္မရတနာဆရာတော် ဘဒ္ဒန္တစရဏ သာသနဓဇဓမ္မာစရိယထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းလောင်းလှူကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ် (ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ ကျင်းပသည့် (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ(က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီးတို့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၁၅**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီး မစ္စစ် နယ်လီဆီဆုလစ်တို့ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီး မစ္စစ် နယ်လီဆီဆုလစ်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ညစာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ သဘင်ဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှု ပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေသည်။

**သတင်းစဉ်**



ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီးတို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး မစ္စစ် နယ်လီဆီဆုလစ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်ဇနီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအို သံအမတ်ကြီး H.E.Mr.Lyying SAYYASANG နှင့်ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**သတင်းစဉ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# လာမည့် လေးနှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များအား မှတ်တမ်းတင်ခြင်း၊ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် "ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဒီမိုကရေစီခရီးလမ်းဖြောင့်ဖြူးစေရန် စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း ကွယ်လွန်သွားခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအတွက်လည်း ကျွန်တော့်အနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါတယ်။

"ဒီနေ့စတင်ကျင်းပတဲ့ သတ္တမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ဆွေးနွေးကြရမယ့် ဥပဒေကြမ်းများအနေဖြင့် (၂၆) ခု ရှိပါတယ်။ အဆိုများအနေဖြင့် ဆဋ္ဌမပုံမှန် အစည်းအဝေးမှာတင်သွင်းပြီး ဆွေးနွေးရန် ကျန်ရှိအဆို (၁)ခုနဲ့ ယခု အသင့်ဖြစ် အဆို (၈) ခုရှိပါတယ်။ မေးခွန်းများအနေဖြင့် ဆဋ္ဌမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း (၁၂၁) ခု အပါအဝင် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း (၁၇၂) ခု ရှိကြောင်း အသိပေးတင်ပြပါတယ်။


ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်


ကျောက်တံတားမဲဆန္ဒနယ်မှ
ဦးနေမျိုးထက်


ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ
ဦးအေးနိုင်

"ယနေ့ကာလဟာ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ အလေးထားဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ ဒီမိုကရေစီပန်းတိုင်ကို ရောက်ရှိဖို့အတွက် အရေးအကြီးဆုံး မှတ်တိုင်တစ်ခုဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိနိုင်ဖို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက စုပေါင်းဆွေးနွေးအဖြေရှာလျက်ရှိကြပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ချမှတ်ပြီး အသိပညာစွမ်းအား၊ စိတ်ဓာတ်ခွန်အားတွေနဲ့ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ နိုင်ငံတော်အစိုးရက အဓိကကြိုးပမ်းဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဥပဒေပြုရေးမဏ္ဍိုင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ပေးကြရန် ဖြစ်ပါတယ်။

"လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ကောင်းမွန်တဲ့စေတနာ၊ ရင့်ကျက်တဲ့အတွေးအခေါ်၊ ပြည့်စုံတဲ့ဉာဏ်ပညာ၊ ဗဟုသုတတွေကို ပေါင်းစပ်အသုံးချနိုင်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နိုင်မှသာ တိုင်းရင်းသားပြည်သူလူထုအားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို အကောင်အထည်ဖော် တည်ဆောက်နိုင်ကြမှာဖြစ်ပါတယ်။

"ပြည်သူ့အသံကို ထင်ဟပ်စေတဲ့ လွှတ်တော်တွေဟာ ပြည်သူတွေ အားကိုးထိုက်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကြီးဖြစ်ဖို့ အထူးအရေးကြီးပါတယ်။ ပြည်သူတွေအကြား ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေ ခိုင်မာအားကောင်းစေဖို့ လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍနဲ့ ဥပဒေပြုရေးမဏ္ဍိုင်ရဲ့ တာဝန်တွေကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြဖို့ လိုအပ်ပါတယ်။ ကိုယ်စားလှယ်များက မေးမြန်းတဲ့မေးခွန်းတွေ၊ တင်သွင်းတဲ့အဆိုတွေ အတည်ပြုလိုက်တဲ့ ဥပဒေကြမ်းတွေဟာ ပြည်သူလူထုအတွက် အကျိုး ရှိ/မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ/မညီ၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်/မကိုက်တို့ကို အသေအချာ စမ်းစစ်လေ့လာပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကို ပြည်သူလူထုက ယုံယုံကြည်ကြည်နဲ့ ပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်ဝတ္တရားတွေကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အဂတိတရားကင်းရှင်းစွာနဲ့ ဆက်လက်ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇-၁၁-၂၀၁၇ မှ ၂-၁၂-၂၀၁၇ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇-၁၁-၂၀၁၇ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသည့် တတိယအကြိမ်မြောက် စက်မှုလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဇစ်တာခလိုက် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃-၁၂-၂၀၁၇ မှ ၈-၁၂-၂၀၁၇ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ "Global Robusta Coffee" ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို မှတ်တမ်းတင်သည်။

အစည်းအဝေးတွင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **မြန်မာနိုင်ငံတွင် နှစ်စဉ်လျှပ်စစ်သုံးစွဲမှုသည် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်သုံးစွဲလျက်ရှိရာ လာမည့် ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁ ခုနှစ်တို့တွင် ပြည်သူများကို လျှပ်စစ်ဓာတ်အား**

**စာမျက်နှာ ၈ သို့**

# လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၈ ခုနှစ်အတွင်း ကျင်းပသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့တွင် ကြယ်ပွင့်ပြမေးခွန်း ၅ ခုကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာ ၁ ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို သိရှိလာခဲ့ကြပြီဖြစ်၍ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းတို့ကို ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်တာများနှင့် ဆက်စပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းကိုလည်း သတိချပ်စေလိုကြောင်း၊ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်းနှင့် နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏ အကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်တောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များတွင် (၄၀၀×၂၅၀) ပေ ကျောင်းအားကစားကွင်း၊ (ဘောလုံးကွင်း)များ လာမည့် ဘဏ္ဍာရေးနှစ်များတွင် တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ချင်းပြည်နယ် မတူပီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင် အဆောက်အအုံများကို ရန်ပုံငွေ ဦးစားပေး ချထားဆောင်ရွက်နေရသည့်အတွက် မတူပီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များတွင် မြေအခြေအနေအရ သီးခြားကျောင်း အားကစားကွင်း(ဘောလုံးကွင်း)များကို ခွင့်ပြုဘဏ္ဍာရေး ရန်ပုံငွေအခြေနေအရ ထည့်သွင်းလျာထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားမှုအရ ချင်းပြည်နယ် မတူပီမြို့နယ်၌ ဘောလုံးကွင်းဖော်ထုတ်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အတွက် ခွင့်ပြုရန်ပုံငွေမှ လုံငိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် ငွေကျပ် ၁၇ သန်းနှင့် ရှာတလိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် ငွေကျပ် ၃၃ သန်းတို့ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မတူပီမြို့နယ်အတွင်း အခြားကျန်ရှိသည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်းများအတွက် ကျောင်းအားကစားကွင်း(ဘောလုံးကွင်း)များ ဖော်ထုတ်နိုင်ရေးနှင့်ပတ်သက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရန်ပုံငွေစိစစ်လျှော့ချမှုအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ်နေရာအတွက် ရွေးကောက်ပွဲပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် မဲဆန္ဒနယ်များရှိ လွှတ်တော်ကိုယ်စားလှယ်နေရာများအား သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပ၍ အစားထိုးရွေးချယ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။


ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်
ဦးအောင်မြင့်


မဲဆန္ဒနယ်အမှတ်(၃)မှ
ဦးခင်မောင်လတ်


မဲဆန္ဒနယ်အမှတ်(၁၀) မှ
ဦးလားလ်မင်းထန်

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အပါအဝင် လစ်လပ်နေသော မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်တွင် ၂ နေရာ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ၆ နေရာ စုစုပေါင်း ၈ နေရာရှိပြီး အဆိုပါ လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၈ ခုနှစ်အတွင်း ကျင်းပသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးမြင့်နိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးစိုင်းစံအောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

»»» စာမျက်နှာ ၆ မှ
နိုင်ငံတကာနှင့် ဒေသတွင်း တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်မှ ကူးစက်ရောဂါများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အာဆီယံဒေသတွင်း ရုတ်တရက်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများ အပါအဝင် နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများနှင့် တိရစ္ဆာန်ကူးစက်ရောဂါများအား ရောဂါကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ အမြစ်ပြတ်ရှင်းလင်းခြင်းလုပ်ငန်းများ လုပ်ဆောင်မည့် တိရစ္ဆာန်ဆေးကုလုပ်ငန်းများအတွက် အခွင့်အလမ်းများအား မြှင့်တင်ပေးနိုင်ခြင်း၊ နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများနှင့် တိရစ္ဆာန်ကူးစက်ရောဂါများအား ရောဂါကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ အမြစ်ပြတ်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအောင်မြင်ရန်နှင့် အာဆီယံဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များ၏ အကူအညီများအား ကမ်းလှမ်းပြီး အောင်မြင်စွာဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

သဘောတူညီချက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အချိုးကျ ထည့်ဝင်ကြေးအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၅၀၀၀ ကို ထည့်ဝင်ရမည်ဖြစ်ပြီး ပထမလေးနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်စဉ်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၂၉၂၀၀ ကို ထည့်ဝင်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောတူညီမှု စတင်အသက်ဝင်သည့်နေ့မှစ၍ ၆ လအတွင်း မိမိတို့ နိုင်ငံအလိုက် နှစ်စဉ်ထည့်ဝင်ကြေးများကို စတင်ပေးသွင်းရမည်ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မိမိဖြိုး**

❒ စာမျက်နှာ ၇ မှ
**မပြတ်တောက်စေရန်နှင့် လုံလောက်ကောင်းမွန်အောင် လျှပ်စစ် ထုတ်လုပ်ရေးအပိုင်းတွင် မည်ကဲ့သို့အစီအစဉ်ချပြီး လုပ်ဆောင်နေသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လာမည့် လေးနှစ်တာကာလ (၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁) ကာလအတွင်း လိုအပ်မည့် လျှပ်စစ်ဓာတ်အားကိုပြည့်မီစေရန် လက်ရှိအကောင်အထည်ဖော်လျက်ရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများမှာ ၄ မဂ္ဂါဝပ် ရာဇဗြိုဟ်ရေအားလျှပ်စစ်စီမံကိန်း၊ ၄၀ မဂ္ဂါဝပ် မင်းဘူး နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သထုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ၁၀၆ မဂ္ဂါဝပ် (UREC) သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် ၂၂၅ မဂ္ဂါဝပ် မြင်းခြံ(Sembcorp)သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းတို့ကို ၂၀၁၈-၂၀၁၉ အတွင်း တည်ဆောက်ပြီးစီးအောင် အစီအစဉ်ချ၍ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၉-၂၀၂၀ မှ ၂၀၂၁-၂၀၂၂ ကာလအတွင်း ပြီးစီးအောင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအပိုင်း၌ စီမံချက်ချအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများမှာ ၅၁ မဂ္ဂါဝပ် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ၂၈၀ မဂ္ဂါဝပ် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ ၁၃၅ မဂ္ဂါဝပ် ကျောက်ဖြူသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ၃၅၆ မဂ္ဂါဝပ် အလုံ(တိုးချဲ့)သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ကန်ပေါက်ဒေသတွင် တည်ဆောက်မည့် ပထမအဆင့် ၆၁၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ၁၅၀ မဂ္ဂါဝပ် ပထမအဆင့် ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ၁၂ မဂ္ဂါဝပ် ပုထိုးလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ၂၀ မဂ္ဂါဝပ် မြန်အောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ၁၀၈ မဂ္ဂါဝပ် သီလဝါဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မီးလောင်ချိုင့်တွင် တည်ဆောက်မည့် ၁၃၉၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းတို့ဖြစ်ပြီး စုစုပေါင်း ၃၆၁၀ မဂ္ဂါဝပ်ခန့် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ပေးနိုင်အောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

လာမည့် လေးနှစ်တာကာလအတွင်း ပြည်သူများကို လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန်နှင့် လုံလောက်ကောင်းမွန်စေရန်တို့အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအပိုင်းတွင် တည်ဆောက်လျက်ရှိသောစီမံကိန်းများကို နိုင်ငံတော် ဘတ်ဂျက်၊ နိုင်ငံတကာချေးငွေနှင့် ပုဂ္ဂလိကကဏ္ဍတို့မှပါဝင်၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးစားဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ပြီးစီးခဲ့သော သက်တမ်းကြာမြင့်နေသော ဓာတ်အားပေးစက်ရုံများကိုလည်း စက်စွမ်းအားပြည့် လည်ပတ်မောင်းနှင်နိုင်ရန် အစီအစဉ်ချမှတ်၍ စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနိုင်း မဲဆန္ဒနယ်မှ **ဦးလင်းလင်းဦး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ် တနိုင်းဒေသသို့ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တနိုင်းမြို့နယ် ကာမိုင်း-တနိုင်း ၆၆ကေဗွီ ဓာတ်အားလိုင်းအတွက် လိုအပ်လျက်ရှိသော ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန် တနိုင်းဒေသသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ကာမိုင်း-တနိုင်း ၆၆ ကေဗွီ ဓာတ်အားလိုင်း(၇၅)မိုင်၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကာမိုင်းဓာတ်အားခွဲရုံနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တနိုင်းဓာတ်အားခွဲရုံတို့ကို အကောင်အထည်ဖော် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၁၂၃၃၀ ဖြစ်ပါကြောင်း၊ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ကြွေသီးများဝယ်ယူခြင်းအတွက် ကျပ် ၄၆၃ သန်းခန့်ကို ပေးချေပြီးဖြစ်ပါကြောင်း၊ ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ စက်တင်ဘာလ ဘတ်ဂျက်နှစ်အတွင်း နောက်ထပ်ကျပ်သန်း ၂၂၈၀ ခန့်ကို ထည့်သွင်းလျာထားမည်ဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်သောရန်ပုံငွေများကို လာမည့်ဘဏ္ဍာနှစ်များအလိုက် ဆက်လက်တောင်းခံသွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၂၀၀ ကေဗွီအေထရန်စဖော်မာ အလုံး ၅၀ သို့မဟုတ် ၃၁၅ ကေဗွီအေအလုံး ၃၀ ချထားပေးရန်နှင့် လိုအပ်သောခွဲရုံများ တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဇဲလ်၏ **ဖလမ်းမြို့နယ်ရှိ ရိခေါဒါရ်မြို့တွင် နေထိုင်သည့် ပြည်သူများအား ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ရန် ၅၀၀ ကေဗွီအေမီးစက်တစ်လုံး သို့မဟုတ် ၁၂၅၀ ကေဗွီအေမီးစက်တစ်လုံး ချထားပေးပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး-စကုလမ်းမကြီးနှင့် ဆက်သွယ်ထားသော မန်းရေနံမြေ အရှေ့ဘက်ဂိတ်မှ ကြာကန်-ပေါက်ကုန်း-အောက်ကျောင်း-နန်းဦး-လေးအိမ်တန်း-လက်ပံတော-မယ်ဘော့ကုန်းရွာအနီး မန်းရေနံမြေလမ်းဆုံအထိ လမ်းအပိုင်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နယ်ရှိ ငါးပြေမ ၆၆ ကေဗွီ ခွဲရုံနှင့် ပုသိမ်မော်တင်စွန်း ပင်မဓာတ်အားပေးလိုင်းကြီးနှင့် ၁ မိုင်အတွင်းရှိ ဇီးချိုင်၊ ကံချိုင်၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကညင်ချောင်း၊ ကုန်းတန်းကျေးရွာများသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လျာထား ထည့်သွင်းတွက်ချက်ပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရန် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုကြောင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူသည်။

အဆိုပါ **"မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း"**နှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်သုံးချက် ရှိသဖြင့် ယင်းအချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)**

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၆/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်လှထွန်း ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သံအမတ်ကြီး ဦးလွင်ဦး ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ဇန်နဝါရီ ၉ ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် အဗ္ဗဒူလ် ဟာမစ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်း၍ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်း၍ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် UNODC မှ Country Manager Mr.Troels Vester တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ဆိုင်ရာ စီမံချက်နှင့် အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးဌာန တည်ထောင်ရေးနှင့် နိုင်ငံတကာ၏ အဂတိလိုက်စားမှု ကာကွယ်တားဆီးရေး အစီအမံများ သိရှိနိုင်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေတို့ကို ပိုမိုခိုင်မာလာစေရေးနှင့် နိုင်ငံအတွက် သင့်လျော်သည့်ကာကွယ်တားဆီးရေးနည်းလမ်းများ ချမှတ်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ အရာထမ်းများ စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



### ❂ ဒုတိယသမ္မတ ဦးမြင့်ဆွေမှ

နိုင်ငံတော်အစိုးရ၏ မူဝါဒများဖြစ်သည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ဖြစ်ပေါ်လာရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးဟူသည့် အခြေခံမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကဲ့သို့ နယ်စပ်ဒေသများရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူနေမှုဘဝမြှင့်တင်ဆောင်ရွက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း။

#### တည်ငြိမ်အေးချမ်းမှု

ပြည်ထောင်စုကြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားလုံးမြင်တွေ့နေရပြီဖြစ်ပါကြောင်း။

ထို့အပြင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာနိုင်ရေးအတွက်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တောင်ပေါ်မြေပြန့်၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ မိမိတို့ကျရာအခန်းကဏ္ဍမှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားစေလိုပါကြောင်း။

တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့နှင့်အတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်ဦးချင်းစီတာဝန်ယူတတ်သည့် စိတ်ဓာတ်များမွေးမြူပြီး စေတနာထားဆောင်ရွက်သွားကြရန်လည်းလိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင်လည်း အလားတူ ဆောင်ရွက်စေလိုပါကြောင်း၊ ရပ်ဝေးဒေသများမှ လာရောက်တာဝန်ထမ်းဆောင်ကြသည့်ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် စေတနာထားပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

#### ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး

ယခုဆိုလျှင် နာဂဒေသ၏မြို့တော် လဟယ်မြို့နှင့် ခန္တီးမြို့ကို ဆက်သွယ်ထားသည့် ဆင်သေ-လဟယ်လမ်းသည် လမ်းပြတ်တောက်ခြင်းမရှိဘဲ ရာသီမရွေးသွားလာနိုင်ပြီး လဟယ်-နန်းယွန်းလမ်းသည်လည်း ယခင်ကထက် ပိုမိုကောင်းမွန်လာသည်ကို သိရှိရသည့်အတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ နာဂဒေသအတွင်း သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုအချိန်ကာလသည် နာဂတိုင်းရင်းသားလူမျိုးများ၏ မင်္ဂလာရှိသည့် နှစ်သစ်ကူးအချိန်ကာလဖြစ်ပြီး နှစ်သစ်ကူးကာလတွင် နာဂတိုင်းရင်းသူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

#### ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု(ဗဟို)ဥက္ကဋ္ဌ ဦးအောင်ထွဋ်တို့က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

#### ရိုးရာယဉ်ကျေးမှုမီးပုံပွဲ

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် နာဂရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကိုကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်းယွန်းမြို့ နှစ်ခြင်းဘုရားကျောင်းသို့ရောက်ရှိပြီး ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံနှုတ်ဆက်ကာ ဒုတိယသမ္မတနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ခရစ်ယာန်ဘာသာရေးကျောင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုမီးပုံပွဲနှင့် မျိုးနွယ်စုအလိုက်ရိုးရာယဉ်ကျေးမှုအက ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေအား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှတ်တရလက်ဆောင် ပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု မီးပုံပွဲကျင်းပစဉ်။

# ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဆရာဇော်ဂျီခန်းမ၌ လူငယ်နှင့်စာကြည့်တိုက်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို ကျင်းပလျက်ရှိရာ **လူငယ်နှင့်စာကြည့်တိုက်** ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဆရာဇော်ဂျီခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ စာရေးဆရာ ဖိုးအောင်လေး၊ စာရေးဆရာ မောင်ဇေယျာနှင့် မြို့နယ်သတင်းထောက် မသူဇာနွယ်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




# မြန်မာနိုင်ငံ အာမခံအသင်းရုံးဖွင့်ပွဲနှင့်အတူ နိုင်ငံခြားအာမခံ သင်တန်းကျောင်းများနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံ အာမခံအသင်းရုံးဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင် ဦးဝင်းမြင့်ဟန်၊ မြန်မာနိုင်ငံ အာမခံအသင်းဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးနှင့် ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အာမခံအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။

ယင်းနောက် မြန်မာနိုင်ငံ အာမခံအသင်းနှင့် နိုင်ငံခြားအာမခံသင်တန်းကျောင်းများဖြစ်သည့် General Insurance Association of Japan (GIAJ)၊ Insurance Institute of India(III)၊ Malaysia Insurance Institute (MII)၊ The Australian and New Zealand Institute of Insurance & Finance (ANZIIF) တို့အကြား နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးကြသည်။**(အောက်ပုံ)**

"မြန်မာနိုင်ငံမှာ အာမခံ အကာအကွယ်ယူတဲ့သူတွေက လူ ၁၀၀၀ မှာ ၈၆ ဦးပဲရှိတော့ အင်မတန်နည်းနေပါသေးတယ်၊ အသင်းကို တည်ထောင်ပြီးရင် ဈေးကွက်ထဲမှာရှိတဲ့ အာမခံကုမ္ပဏီအချင်းချင်း စုပေါင်းပြီး New Product နဲ့ ဈေးကွက်တွေချဲ့မယ်၊ လူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရှိလာမှာဖြစ်ပါတယ်၊ လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာအာမခံ ကျောင်းတွေက ဆရာတွေ လာသင်မယ်၊ ပြည်ပအာမခံကုမ္ပဏီကြီးတွေမှာ အလုပ်သင်အနေနဲ့ လေ့လာနိုင်မယ်၊ စာချုပ်ထဲမှာ ဒီအချက်တွေ ပါဝင်ပါတယ်၊ နောက်နှစ်ကစပြီး တိုးမြှင့်ဆောင်ရွက်သွားဖို့ အစီအစဉ်တွေလည်းရှိပါတယ်၊ နေပြည်တော်မှာလည်း ဖွင့်လှစ်ဖို့ လျာထားပါတယ်"ဟု မြန်မာနိုင်ငံ အာမခံအသင်းဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးက ပြောသည်။

မြန်မာနိုင်ငံ အာမခံအသင်းရုံးသည် ရန်ကုန်မြို့၌ အာမခံသင်တန်းကျောင်းတစ်ခု ဆက်လက်တည်ထောင်ရန် လျာထားကြောင်း၊ နေရာအတိအကျကို စီစဉ်ဆဲဖြစ်ကြောင်း၊ သင်ကြားမည့် သင်ရိုးများကိုလည်း MoU ထိုးသည့်အဖွဲ့များနှင့် ပူးပေါင်း၍ စတင်ရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အာမခံအသင်းတွင် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခု အပါအဝင် စုစုပေါင်း အသင်းဝင် ၁၂ ခုဖြင့် ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံ၏ အာမခံဈေးကွက် ကျယ်ပြန့်လာစေရန် ပြည်သူလူထုအတွင်း အာမခံအကြောင်းကို စိမ့်ဝင်ပျံ့နှံ့ကာ အာမခံအကာအကွယ်ရယူလိုသည့် အလေ့အထ ဖြစ်ပေါ်စေရန်နှင့် အာမခံအပေါ် ယုံကြည်အားထားလာစေရန်အတွက် စည်းရုံးဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ အာမခံအသင်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် စ၍ ခွင့်ပြုချက်ရရှိခဲ့ကာ ယနေ့တွင် အသင်းရုံးကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီ**
**ဓာတ်ပုံ-ဇော်မင်းလတ်**




# တရားမ အထူးအယူခံမှု (၅)မှု စီရင်ချက်ချမှတ်ပြီး (၇)မှုကို ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူး အယူခံမှု (၅)မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူး အယူခံမှု (၇)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❖ စည်သူအောင်မှ**

ယုံကြည်မှုရှိလာပြီး ကစားပုံကောင်းလာသလို ဧရာဝတီအသင်းကလည်း ကစားကွက်တည်မရဖြစ်နေသောကြောင့် ရတနာပုံအသင်းက ဖိကစားနိုင်ခဲ့ပြီး ၄၄ မိနစ်တွင် မြတ်ကောင်းခန့်က နောက်ခံလူ နှစ်ဦးကို ကျော်ဖြတ်ကာ ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းက ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၅၈ မိနစ်တွင် စည်သူအောင်က တတိယဂိုးသွင်းယူခဲ့သည်။ ၇၅ မိနစ်တွင် အယ်လာပက်ထရစ်က ဧရာဝတီအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ၈၁ မိနစ်တွင် စည်သူအောင်က ရတနာပုံအတွက် စတုတ္ထဂိုး သွင်းယူခဲ့သည်။ ၈၅ မိနစ်တွင် ဧရာဝတီအသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး အယ်လာပက်ထရစ်က ဒုတိယဂိုးအဖြစ် သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် နှစ်မိနစ်အကြာမှာပင် ပင်နယ်တီ ပြန်ကန်ခွင့်ရခဲ့ပြီး စည်သူအောင်က ပဥ္စမမြောက်ဂိုးအဖြစ် သွင်းယူခဲ့သည်။

မော်လမြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် Southern အသင်းနှင့် GFA အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၄၅+၁ မိနစ်တွင် အောင်မိုးက Southern အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၇၆ မိနစ်တွင် ဇော်လင်းက GFA အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် (၁) အပြီးတွင် အနိုင်၊ အရှုံးရလဒ်ထွက်ပေါ်သည့် နှစ်ပွဲသာရှိခဲ့ပြီး ကျန်လေးပွဲမှာ သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။ ပွဲစဉ် (၁) တွင် နိုင်ပွဲရခဲ့သည့် ရတနာပုံနှင့် ရန်ကုန်အသင်းတို့အနက် ဂိုးကွာခြားချက်တွင် အသာရခဲ့သည့် ရတနာပုံအသင်းက ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ဘူတာတွင် လှည့်လည်သွားလာနေသည့် အမျိုးသမီးငယ်အား အစ်မဖြစ်သူထံ အပ်နှံ

**လက်ပံတန်း ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ရွာသာလှကျေးရွာမှ မချမ်းဝတ်ရည်သည် ဖခင် ဦးဝင်းမြင့်၏ ဆိုဆုံးမမှုကြောင့် လက်ပံတန်းမြို့နယ် တောင်တွင်းတန်းကျေးရွာ၌ အိမ်ထောင်ကျနေသော အစ်မ မဖြိုးဖြိုးဦးထံ ထွက်ပြေးလာစဉ် အစ်မဖြစ်သူထံ ရောက်ဖူးခြင်းမရှိ၍ လက်ပံတန်းဘူတာ၌ လှည့်လည်သွားလာနေသည်ကို တွေ့ရှိသဖြင့် ရထားရဲတပ်ဖွဲ့ဝင်များက မချမ်းဝတ်ရည်၏ အစ်မဖြစ်သူ မဖြိုးဖြိုးဦးအား ဆက်သွယ်ခေါ်ယူ၍ အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



**စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် သရက်ပင်ရွာအခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများအား တွေ့ရစဉ်။** ကြေးမုံ

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်သတင်း

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအတွက် လှဖိုးခေါင်ကြားစခန်းတည်ဆောက်မှု အချိန်မီအသင့်ဖြစ်မည်

နေပြည်တော် ဇန်နဝါရီ ၁၅

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ပြန်လည်လက်ခံရေးစခန်းများတွင် စနစ်တကျ စိစစ်လက်ခံပြီးသူများအား ယာယီထားရှိမည့် လှဖိုးခေါင်ကြားစခန်း စခန်းပြင်ဆင်နေမှု အခြေအနေကို ဇန်နဝါရီ ၁၄ ရက်က သွားရောက်ကြည့်ရှုသည်။ ထိုသို့ ကြည့်ရှုစဉ် လှဖိုးခေါင်စခန်း ပြင်ဆင်နေမှုအခြေအနေ၊ UEHRD ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများက သတင်းမီဒီယာများအား ရှင်းလင်းပြောကြားခဲ့ကြသည်များကို ဖော်ပြလိုက်ပါသည်-**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**

UEHRD ရဲ့လုပ်ငန်းစဉ် တစ်ရပ်ဖြစ်တဲ့ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနဲ့ပတ်သက်ပြီး မြေပြင်ကွင်းဆင်းလာခြင်း ဖြစ်ပါတယ်။ ယခုလ ၂၃ ရက်ကစပြီး ပြန်လည်လက်ခံလို့ရမယ်။ ဒီလို လက်ခံဖို့အတွက် တောင်ပြိုလက်ဝဲနဲ့ ငါးခူရမှာ လက်ခံရေးစခန်းတွေ လုပ်ထားတယ်။ လက်ခံတဲ့နေရာမှာလည်း စိစစ်ပြီးမှ လက်ခံမှာပါ။ စိစစ်လက်ခံပြီးတဲ့ သူတွေကို လှဖိုးခေါင်စခန်းမှာ သူတို့နေရာတွေမှာ အိမ်တွေဆောက်လုပ်နေတဲ့ အချိန် ခေတ္တခဏထားရမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ပြီးတဲ့သူတွေက သွားလို့ရမယ်။ မဆောက်လုပ်ခင်မှာ ဒီမှာ ခဏနေရမယ့် ကြားစခန်းပါ။ ကျွန်တော်တို့ ဆောက်လုပ်တဲ့ နေရာမှာ ယခုလ ၂၃ ရက်လောက်မှာ အလုံး ၃၀ လောက်ပြီးသွားမယ်။ ရှစ်ခန်းတွဲ အလုံး ၃၀ ဖြစ်ပြီး တစ်ခန်းကို လူ ၄၀ လောက် ဆံ့တယ်။ အလုံး ၃၀ ဆိုရင် လူ ၁၂၀၀ ဆံ့တယ်။ လကုန်ရက်ကျရင် အလုံး ၉၀ နဲ့ ၁၀၀ လောက် ပြီးသွားမှာ ဖြစ်တဲ့အတွက် လူ ၄၀၀၀ နဲ့ ၅၀၀၀ လက်ခံနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၅ ရက်မှာ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် working group နှစ်ခု တိုင်ပင်မယ်။ ပြန်ရောက်လာမယ့်သူတွေက လူဝင်မှုကြီးကြပ်ရေးက ပေးပို့တဲ့ပုံစံတွေ ဖြည့်ရမယ်။ စိစစ်တဲ့နေရာမှာလည်း ဒီမှာနေခဲ့တဲ့သူ ဟုတ်သလား၊ အကြမ်းဖက်နဲ့ ကင်းဝေးရမယ် စသဖြင့် အစစအရာရာ လုံခြုံစိတ်ချအောင်စိစစ်ပြီးမှ ဒီလူတွေတော့ ပြန်လက်ခံနိုင်တယ် ဆိုတဲ့စာရင်းကို တစ်ဖက်နိုင်ငံကို ပို့ပြီးမှ ဒီဘက်ကို ပြန်လာမှာဖြစ်ပါတယ်။ အခုထိတော့ ကျွန်တော်တို့လက်ထဲကို လာဖို့အတွက် စာရင်းမရောက်သေးပါဘူး။ သို့သော်လည်း ကျွန်တော်တို့က စာချုပ်ချုပ်ထားတဲ့ အတိုင်း သတ်မှတ်ထားတဲ့ရက်မှာ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားပါတယ်။

**ဦးညီပု(ရခိုင်ပြည်နယ်ဝန်ကြီးချုပ်)**

ပြန်လည်နေရာချထားရေးနဲ့ ပတ်သက်ပြီး နေရာ ၁၁ နေရာ သတ်မှတ်ထားပါတယ်။ ဒီ ၁၁ နေရာက မောင်တောမြောက်ပိုင်းမှာပါ။ တောင်ပိုင်းမှာလည်း လျာထားတာ ရှိပါတယ်။ ဒါပေမယ့် အဆုံးအဖြတ်က မကျသေးပါဘူး၊ ညှိနှိုင်းဆောင်ရွက်ဆဲပါ။ ဒီလို ပြန်လည်လက်ခံရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အကောင်းဆုံး လုပ်နေပါတယ်။ နယ်စပ်ခြံစည်းရိုးလည်း ကာနေပါတယ်။

**ဦးဇော်မင်းသိန်း(အထွေထွေ အတွင်းရေးမှူးချုပ်၊ UEHRD ဆောက်လုပ်ရေးအဖွဲ့)**

UEHRD အဖွဲ့အစည်းရဲ့အောက်မှာ အဖွဲ့ကြီး ကိုးဖွဲ့ရှိပါတယ်။ ကျွန်တော်က ဒီအဖွဲ့ကြီးကိုးဖွဲ့ရဲ့ အခြေခံအဆောက်အအုံတွေနဲ့ အဆောက်အအုံတွေ ဆောက်လုပ်မယ့် အဖွဲ့အစည်းရဲ့ လက်အောက်က



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု



ဦးဇော်မင်းသိန်း

ဆောက်လုပ်ရေးလုပ်ငန်းရဲ့ အထွေထွေ အတွင်းရေးမှူးချုပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အသင်းရုံးကို ရန်ကုန်မှာ အခြေစိုက်ပါတယ်။ ဒါပေမယ့် စစ်တွေမှာလည်း ရုံးခွဲအနေနဲ့ ဝေသာလီကွင်းနေရာမှာ လုပ်ထားပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက စိစစ်လက်ခံမယ့် သူတွေအတွက် ပြန်လည်နေရာချထားဖို့ အဆောက်အအုံတွေ ဆောက်လုပ်ဖို့ဆိုတာ အရေးပေါ်လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်တို့အဖွဲ့ကနေ ရခိုင်ပြည်နယ်အတွင်းက ဒေသခံကုမ္ပဏီ ၃၉ ခုကို တင်ဒါစနစ်နဲ့ ရွေးချယ်ခဲ့ပါတယ်။ သူတို့ လုပ်နိုင်တဲ့အပေါ် မူတည်ပြီး တစ်ဦးကို အလုံး ၂၀၊ ၁၅ လုံး၊ ၁၀ လုံး စသဖြင့် ခွဲပြီးတော့ လုပ်ဆောင်လျက်ရှိပါတယ်။ အဆောက်အအုံဒီဇိုင်းတွေကို စိစစ်အတည်ပြုပြီးတဲ့အခါမှာ အဆောက်အအုံတွေ ဆောက်လုပ်မယ့် မြေနေရာမှာ မြေနုတ်၊ ပရိတ်ရွတ်စသဖြင့် ဆောက်လုပ်ရေး လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ငန်းဆောင်ရွက်နေပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ဖို့ လိုအပ်တဲ့ပစ္စည်းတွေလည်း အဆင်သင့်ဖြစ်နေပါပြီ။ အဆောက်အအုံ အလုံး ၃၀ လောက်မှာ လူဦးရေ ၁၀၀၀ ကျော်လောက် နေထိုင်နိုင်အောင် ဆောင်ရွက်သွားမှာပါ။

နောက်ပြီး ရာသီဥတုအခြေအနေကြောင့် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ဆောင်တဲ့အခါမှာ နှောင့်နှေးနေမယ်ဆိုရင် အရန်အနေနဲ့ ယာယီတဲတွေကို အဆင်သင့် ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ကြိုတင်ပြင်ဆင်မှုအနေနဲ့ A Plan, B Plan ဆိုပြီး ဆောင်ရွက်ထားပါတယ်။

အဆိုပါ လှဖိုးခေါင်စခန်းသည် ၁၂၄ ဧက ကျယ်ဝန်းပြီး အဆောက်အအုံ ၆၂၅ လုံး ဆောက်လုပ်မည်ဖြစ်ကာ လူဦးရေ ၃၀၀၀၀ ခန့်ထိ ယာယီနေထိုင်နိုင်မည် ဖြစ်သည်။ ဇန်နဝါရီ ၂၅ ရက်တွင် အဆောက်အအုံ အလုံး ၄၀ နှင့် ဇန်နဝါရီ ၃၁ ရက်တွင် အဆောက်အအုံ အလုံး ၁၀၀ ပြီးစီးမည်ဖြစ်ပြီး အဆောက်အအုံတစ်ခုတွင် လူဦးရေ ၈၀ နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ- အောင်မင်း**



## စစ်တွေမြို့ရှိ အစ္စလာမ်ဘာသာဝင် ရေလုပ်သားများအား NV ကတ် ထုတ်ပေးနေမှု ကြည့်ရှုအားပေး

**စစ်တွေ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာကော်မတီဝင်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုလုပ်ငန်းစဉ်တွင် National Verification Card(NVC) ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကို ပြည်သူများသိရှိရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အစ္စလာမ်ဘာသာဝင် ရေလုပ်သားများအနေဖြင့် NV ကတ် ကိုင်ဆောင်ထားပြီး ပင်လယ်ပြင်တွင် ရေလုပ်ငန်းလုပ်ဆောင်ပါက စိစစ်မှုခံယူရာတွင် ခိုင်လုံသောအထောက်အထား ပြသနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ရေလုပ်သားများ NV ကတ် ကိုင်ဆောင်နိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့စုပေါင်းရုံးတွင် အစ္စလာမ်ဘာသာဝင်ရေလုပ်သားများကို NV ကတ် ပြုလုပ်ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး ဌာဆိုင်ရာဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုအပေါ် အားပေးစကားပြောကြားသည်။

၎င်းတို့အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစဉ်တွင်ပါဝင်သော NV ကတ်များကို လာရောက်ပြုလုပ်ကိုင်ဆောင်ပါက တရားဝင် ပင်လယ်ပြင်ထွက်ခွင့်ရရှိမည်ဖြစ်ကာ လတ်တလောပဋိပက္ခများကြောင့် ကြုံတွေ့နေရသော စားဝတ်နေရေးအခက်အခဲများ ပြေလည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ မန်ကျည်းကုန်း(တိုင်းရင်းသား)ကျေးရွာ၊ ဗောဓိကုန်း(တိုင်းရင်းသား)ကျေးရွာနှင့် သာယာကုန်း(တိုင်းရင်းသား)ကျေးရွာတို့တွင် နွား နှစ်ကောင်၊ ဆိတ် တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ တမန်းသား(တိုင်းရင်းသား)ကျေးရွာ၊ မင်းခမောင်း(တိုင်းရင်းသား)ကျေးရွာနှင့် ကြိမ်ချောင်း(ရောနှော)ကျေးရွာတို့တွင် နွား နှစ်ကောင်၊ ဆိတ် တစ်ကောင်နှင့် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာ၊ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာတို့တွင် ဆိတ် သုံးကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခုပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား လေးကောင်နှင့် ဆိတ် ငါးကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၈၃ ကောင်နှင့် ဆိတ် ၇၅၁ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြို့ကြီးတွေမှာ ငလျင်နဲ့ပတ်သက်တဲ့ ပညာပေးမှုတွေ၊ ကာကွယ်ပေးမှုတွေ၊ ဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းတွေ လုပ်ဖို့ကောင်းတယ်

တွေ့ဆုံမေးမြန်း - ခင်ဇာလီ

၂၀၁၈ ခုနှစ် နှစ်စ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံအနှံ့တွင် အင်အားအသင့်အတင့်နှင့် အင်အားအနည်းငယ်ရှိ ငလျင်များ ခပ်စိပ်စိပ် လှုပ်လာသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ငလျင်လှုပ်ခတ်မှုများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

**မေး - ဆက်တိုက်ဆိုသလို ငလျင်တွေ ခပ်စိပ်စိပ်လှုပ်နေခြင်းအပေါ် ဆရာရဲ့ သဘောထားအမြင်ကို သိချင်ပါတယ်။**

ဖြေ - ငလျင်ဆိုတာ အမြဲတမ်း လှုပ်နေတာမျိုးရှိတယ်၊ ကြီးတယ်၊ သေးတယ် ကြိုတင်ခန့်မှန်းလို့ မရဘူး၊ ဘယ်မှာလှုပ်မယ်၊ ဘယ်လောက် လှုပ်မယ်ဆိုတာလည်း ခန့်မှန်းလို့ မရဘူး၊ ကြိုတင်ပြင်ဆင်မှုအပိုင်းက အရေးကြီးတယ်၊ အခုလိုမျိုး ဖြူးမှာ လှုပ်တယ်၊ ရန်ကုန်မှာလှုပ်တယ် ဆိုတာကတော့ ပြောရရင် တိုက်ဆိုင်မှုလည်း ဖြစ်နိုင်တယ်၊ ကောင်းတဲ့ နေရာက စဉ်းစားမယ်ဆိုရင် ဒါက ကြိုတင်သတိပေးနေတဲ့ အချက်ပေး ခေါင်းလောင်းသံလို့ ယူဆလို့ရတယ်၊ ဒီလိုလှုပ်ခတ်တာတွေ ရှိလာရင် ထိခိုက်မှုများနိုင်တဲ့ ရန်ကုန်လိုနေရာမျိုး၊ မန္တလေးလို နေရာမျိုး မြို့ကြီးတွေမှာ ငလျင်နဲ့ပတ်သက်တဲ့ ပညာပေးမှုတွေ၊ ကာကွယ်ပေးမှုတွေ၊ ဘေးအန္တရာယ်လျှော့ပါးရေးစတဲ့လုပ်ငန်းတွေကို အရှိန်ရအောင် လုပ်ဖို့ကောင်းတယ်။

**မေး - ဟုတ်ကဲ့ဆရာ၊ ဒါဆို အခုလိုမျိုး ငလျင်တွေ လှုပ်နေခြင်းက စိုးရိမ်ရတဲ့ အနေအထားတစ်ခုလို့ ပြောလို့ရလား။**

ဖြေ - စိုးရိမ်ရတဲ့ အနေအထားလို့ ကွက်တိ ပြောလို့မရသေးတဲ့အတွက်ကြောင့် အခုငလျင်နဲ့ပတ်သက်ပြီးတော့ စိုးရိမ်ရတဲ့အခြေအနေလို့ မပြောချင်ပါဘူး၊ သတိထားရမယ့် အခြေအနေလို့ပဲ ပြောချင်ပါတယ်၊ ဖြူးငလျင်ကလည်း အခုလောလောဆယ် သူ့ရဲ့ဗဟိုချက်က ပဲခူးရိုးမ အလယ်လောက်မှာ ရှိနေတာ၊ အဲဒါကများ အရှေ့ဘက် စစ်ကိုင်းပြတ်ရွေ့နဲ့ နီးတဲ့ဘက်ကို ရွေ့သွားမယ်ဆိုရင် တောင်ခြေဘက်မှာ ရှိနေတဲ့ မြို့ကြီးတွေက သတိထားရမယ့် အခြေအနေမှာ ရှိတယ်။



ဦးစောထွေးဇော်

**မေး - ဆရာပြောခဲ့သလို သတိပေးနေတဲ့ အနေအထားဆိုတော့ အန္တရာယ်ရှိတဲ့ သတိပေးချက် ဖြစ်လာနိုင်မလား။**

ဖြေ - ဆက်တိုက် ဆက်ပြီးလှုပ်လာမယ်၊ လှုပ်တဲ့နေရာတွေကလည်း မြို့ကြီးတွေမှာ ဖြစ်မယ်၊ သတိထားရမယ့် နေရာတွေမှာ ဖြစ်လာမယ်ဆိုရင်တော့ ကြိုတင်ကာကွယ်နိုင်ဖို့ ထုတ်ပြန်ချက်တွေ၊ အသိပေးတာတွေကို ကျွန်တော်တို့ဘက်က သတင်းထုတ်ပြန်သွားမှာပါ။

**မေး - ဟုတ်ကဲ့ဆရာ၊ ဆက်တိုက်ဆိုသလို အကြိမ်နှစ်ဆယ်ထက်မနည်း လှုပ်ခတ်ရခြင်းက ဘယ်လိုကြောင့်လဲ။**

ဖြေ - ဘာကြောင့်လဲဆိုတော့ ဖြူးငလျင်လို သူ့ရဲ့သဘာဝက အလယ်အလတ်ထဲမှာမှ နည်းနည်းကြီးတဲ့ ငလျင်အမျိုးအစားပါ၊ အနက်တိမ်တဲ့ ငလျင်မျိုးဖြစ်တဲ့အတွက်ကြောင့် သူကတော့ နောက်ဆက်တွဲ ငလျင်တွေ လှုပ်လေ့ရှိတယ်၊ အခုလည်း ရစ်ချ်တာစကေး ၆ လောက် ပြီးတဲ့အချိန်မှာ ၄ တို့ ၅ တို့ကို နှစ်ရက်လောက်အတွင်းမှာ လှုပ်နေတာတွေ့ရပါတယ်၊ အနက်တိမ်ပြီးတော့ အင်အားအသင့်အတင့်ရှိတဲ့ ငလျင်တွေ၊ အင်အားကြီးတဲ့ ငလျင်ကြီးတွေ လှုပ်ပြီးရင် နောက်ဆက်တွဲ အင်အားသေးတဲ့ ငလျင်တွေ ဆက်တိုက် လှုပ်လေ့ရှိတယ်၊ ဥပမာအားဖြင့် တစ်နှစ်၊ နှစ်နှစ်ကြာတဲ့အထိတောင် အလတ်စားငလျင်လေးတွေ ဆက်လှုပ်သွားတာမျိုး ရှိတယ်။

**မေး - မနှစ်ကလည်း ဒီလိုအချိန်မှာ ငလျင်လှုပ်တယ်၊ အခုလည်း ဒီလိုအချိန်မှာ ငလျင်လှုပ်ခတ်တာက ဘယ်လိုကြောင့်လဲ သိချင်ပါတယ်။**

ဖြေ - ကျွန်တော်တို့ နိုင်ငံကိုက ငလျင်လှုပ်တတ်တဲ့ ရပ်ဝန်းမှာကျနေတာ၊ အာရှနဲ့အိန္ဒိယနဲ့ တိုက်တဲ့နေရာမှာ တိုင်းပြည်ကရှိနေတော့ တိုင်းပြည်ရဲ့ နေရာအနှံ့အပြားမှာ အနည်းနဲ့အများ ငလျင်လှုပ်နိုင်ခြေများတယ်၊ အခုတလောမှ ပိုပြီးတော့ လှုပ်လာတာ မဟုတ်ဘူး၊ အရင်တုန်းကတည်းက လှုပ်နေတာတွေ ရှိတယ်၊ အခု ဖြူးငလျင်နဲ့ ရန်ကုန်ငလျင်က ရက်ဆက်ပြီး လှုပ်သွားတဲ့အတွက် ပြည်သူတွေ သတိထားမိစရာလေး ဖြစ်သွားတာပါ။


ယခင် နှစ်တွေတုန်းကလည်း ကျွန်တော်တို့ သတိမထားမိလို့ပါ၊ အမြဲတမ်းလှုပ်နေတာပဲ၊ ဒီနှစ်ပိုင်းမှာတော့ ငလျင်တိုင်းတဲ့စက်အသစ်တွေကို တော်တော်များများ တပ်ဆင်ဖြစ်တယ်၊ အရင် မိုး/ဇလက အကြီးစား၊ အလတ်စားလောက်ပဲ ဖမ်းမိတယ်၊ အသေးလေးတွေဆိုရင် မဖမ်းနိုင်ဘူးလေ၊ တခြား ထိုင်း၊ တိဗက်၊ တရုတ်ပြည်တို့က ငလျင်တိုင်းတဲ့စက်တွေမှာ မိသလောက်ကိုပဲ ခန့်မှန်းပြီးပြောနိုင်တယ်၊ အခုက စက်အသစ်တွေ တပ်ဆင်လာတော့ ပိုမိလာတယ်၊ ပိုပြောလာနိုင်တယ်၊ စက်တွေကောင်းလာတဲ့အတွက်ကြောင့်ပဲ ငလျင်သတင်းကို ရတာမျိုးပါ၊ ဒါကြောင့် အခုလှုပ်ခတ်သွားတဲ့ ငလျင်က ပုံမှန်လို့ပဲ ပြောလို့ရပါတယ်၊ တိုက်ဆိုင်ပြီး လှုပ်သွားတာကြောင့်လည်း ပါတယ်။

**မေး - အခုလို ငလျင်လှုပ်ခတ်ခြင်းကနေ ငလျင်ကြီးတွေ ဖြစ်လာနိုင်မလား။**

ဖြေ - ကျွန်တော်တို့ဆီမှာ အင်အားကြီးတဲ့ငလျင်တွေ မလှုပ်တာတောင် တော်တော်ကြာသွားပြီလို့ ပြောလို့ရတယ်၊ အထူးသဖြင့် စစ်ကိုင်းပြတ်ရွေ့မှာ ဖြစ်သွားတဲ့ သိပ်ကြီးတဲ့ငလျင်တွေ၊ ၁၉၃၀ ပြည့်နှစ် နောက်ပိုင်းမှာ သိပ်ပြီးတော့ မတွေ့ရဘူး၊ အဲလိုမျိုး ပြန်လာတယ်ဆိုရင်တော့ နောက်ဆက်တွဲတော်တော်များများ ဖြစ်လာနိုင်တယ်၊ ၁၉၃၀ ပြည့်နှစ် လှုပ်တုန်းကဆိုရင် တစ်ကြိမ်တည်းမဟုတ်ဘူး၊ သုံးနှစ်လောက်အတွင်းမှာ အကြိမ်တော်တော်များများ လှုပ်သွားတယ်၊ လှုပ်တုန်းကလည်း ပဲခူးနားမှာ လှုပ်လိုက်၊ ဖြူးနားမှာလှုပ်လိုက်၊ အဲလိုမျိုး သုံးလေးနေရာလောက် လှုပ်သွားတာမျိုးပါ၊ ပြတ်ရွေ့က တစ်ကြိမ်ပြတ်အက်ခဲ့ရင် ပိုပြီးတော့ လှုပ်နိုင်တာမျိုး ကြုံလာနိုင်တယ်။

**မေး - ရန်ကုန်မှာ လှုပ်သွားတဲ့ငလျင်ကြောင့် မြို့နေပြည်သူတွေ စိုးရိမ်နေကြတယ်။ နောက်ဆက်တွဲ လှုပ်ခတ်ခဲ့မယ်ဆိုရင် ဘယ်နေရာတွေက ထိခိုက်မှုများများ ခံစားရနိုင်မလဲ။**

ဖြေ - မြို့နဲ့ အနီးတစ်ဝိုက်မှာတော့ သိပ်ကြီးကြီးမားမား မရှိဘူး၊ စစ်ကိုင်းပြတ်ရွေ့ဆိုရင်တော့ ရန်ကုန်နဲ့အဝေးကြီးတော့ မဟုတ်ဘူး၊ ခရမ်းသုံးခွဘက်ကနေ သူ့ရဲ့ပြတ်ရွေ့က ဖြတ်သွားတယ်လို့ အကြမ်းဖျင်းယူလို့ရတယ်၊ အဲဒီဘက်မှာ ကြီးကြီးမားမား လှုပ်ခတ်ခဲ့မယ်ဆိုရင် ရန်ကုန်ကို ထိခိုက်နိုင်တယ်၊ ရန်ကုန်မှာ ရှိတဲ့ မြို့ရွာရဲ့ မြေအနေအထားပေါ်မှာလည်း မူတည်နေပါတယ်၊ ကျွန်တော်တို့ အကြမ်းဖျင်းပြောရမယ်ဆိုရင် ဒလလို မြေပျော့တဲ့နေရာမျိုးတွေ၊ နောက်တစ်ခုက ဒဂုံဆိပ်ကမ်းလို မြေနုပေါ်မှာရှိတဲ့ မြို့နယ်တွေက ငလျင်ရဲ့လှုပ်ခါမှုကို ပိုခံစားရနိုင်ပါတယ်။



**မေး - ခိုင်ခံ့မှုမရှိတဲ့ အဆောက်အအုံတွေ၊ လက်ရှိတိုက်တာအဆောက်အအုံတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားသင့်ပြီလား။**

ဖြေ - ကိုယ်နေတဲ့ တိုက်အမျိုးအစားပေါ် မူတည်ပြီး ဘယ်တုန်းက ဆောက်တာလဲ၊ ကျွန်တော်တို့အများစုကတော့ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကတော့ ရန်ကုန်မြို့မှာ ငလျင်ဒဏ်ကို စိစစ်ပြီး ဆောက်ခိုင်းတာဆိုတော့ လိုအပ်သလောက်တွက်ချက်ပြီး ဆောက်တာဆိုရင် သင့်တင့်တဲ့ခံနိုင်အားကို တည်ဆောက်ပြီး ဆောက်လုပ်တာလို့ ပြောလို့ရတယ်၊ ပိုကြီးတဲ့ငလျင်မျိုး လာလို့ရှိရင်တော့ မပြောနိုင်ဘူး၊ ၂၀၀၀ ပြည့်နှစ်ရဲ့ ရှေ့ပိုင်းမှာ ဆောက်ခဲ့တာဆိုရင် ငလျင်ဒဏ်ကို တွက်ချက်ပြီး ဆောက်ခိုင်းတာမရှိဘူး၊ အဲလို အဆောက်အအုံတွေမှာ အားနည်းချက်ရှိရင် လိုအပ်သလို ပြင်ဆင်တာမျိုးလုပ်သင့်တယ်။

**မေး - ဆရာ့အနေနဲ့ လက်ရှိငလျင်လှုပ်ခတ်သွားတဲ့အပေါ် ဖြည့်စွက်ပြောချင်တာနဲ့ အကြံပြုချက်များရှိရင် ပြောပေးပါဦး။**

ဖြေ - ကျွန်တော်ပြောခဲ့သလိုပါပဲ၊ အခုလိုငလျင်တွေဆက်တိုက်လှုပ်တာဟာ အချက်ပေးတဲ့ခေါင်းလောင်းသံပါပဲ၊ ငလျင်လှုပ်တတ်တဲ့ဒေသမှာ ရှိတဲ့ နိုင်ငံဖြစ်နေတဲ့အတွက်ကြောင့် အမြဲကြိုတင်သတိပြုနေဖို့လိုပါတယ်၊ အခုလိုမျိုး ခေါင်းလောင်းသံကြားတဲ့အချိန်မှာ အသိနဲ့သတိကို ပိုပြီးတော့ အားကောင်းအောင် လုပ်ဖို့လိုတယ်၊ ထုံးစံအတိုင်းပဲ ငလျင်တွေမလှုပ်အောင် လုပ်လို့မရပေမယ့် ငလျင်ကြောင့် ဖြစ်လာနိုင်မယ့် ဘေးအန္တရာယ်တွေကိုတော့ လျှော့ပါးအောင် လုပ်လို့ရပါတယ်။ ။

# လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ လှိုင်မြို့နယ်၌ ကျင်းပ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ ၁၀၀၀ ကျော် တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၅**

**“လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး”** ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း(Public Talk)ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ Yangon United Football Club(YUFC) ဘောလုံးကွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ ၁၀၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါ စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာငွေး၊ စာရေးဆရာမ မမိုးမြေ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ သက်မွန်မြင့်၊ အဆိုတော် ခိုင်မြသာ၊ အဆိုတော် Lil´Z ၊ စီးပွားရေးလုပ်ငန်းရှင် ဦးငြိမ်းချမ်း(Zaw Group)၊ ဇော်ဇော်(မန္တလေးစာကြည့်တိုက်)တို့က စာပေ၊ အနုပညာကဏ္ဍများအပြင် မိမိတို့၏ ဘဝတွင်ကြုံတွေ့ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို ကျောင်းသား ကျောင်းသူများ အသိပညာ၊ ဗဟုသုတရရှိစေရန် ဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ယနေ့ စကားဝိုင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာငွေးက “ဒီစကားဝိုင်းမှာ ကျွန်မအနေနဲ့ လူငယ်နဲ့နိုင်ငံရေး ခေါင်းစဉ်အောက်ကနေ ဟောပြောခဲ့ပါတယ်၊ လူငယ်တွေအနေနဲ့ နိုင်ငံရေးကို စိတ်ဝင်စားရမယ်၊ သူတို့တွေအနေနဲ့ နိုင်ငံရေးကိုမျက်ခြည်ပြတ်လို့မရပါဘူး၊ အားလုံးဟာ နိုင်ငံရေးနဲ့ ပတ်သက်နေတယ်ဆိုတဲ့အကြောင်းကို ဟောပြောခဲ့တာပါ၊ ဒီလို စကားဝိုင်းတွေ ပြုလုပ်လာတာ အင်မတန်ကောင်းပါတယ်၊ လူငယ်တွေအတွက် ဒီလိုပွဲတွေကနေ ကလေးတွေအတွက် စာအုပ်တွေအများကြီးဖတ်ရသလို အတွေ့အကြုံ ဗဟုသုတနဲ့ အသိပညာတွေ အများကြီးရရှိလာမယ်၊ အသိအမြင်တွေ ပိုမိုကြွယ်ဝလာပြီး နိုင်ငံတော်အတွက် အကျိုးပြုမယ့် သားကောင်းရတနာတွေ ဖြစ်လာလိမ့်မယ်လို့ မြင်ပါတယ်” ဟု ပြောကြားသည်။

လှိုင်မြို့နယ်အတွင်းရှိ လူငယ် လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ အသိအမြင်၊ ဗဟုသုတ တိုးပွားစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“ဒီပွဲကနေ ကျွန်တော်တို့အတွက် အသိပညာ၊ ဗဟုသုတတွေ အများကြီး ရပါတယ်၊ မသိသေးတဲ့အရာတွေ တော်တော်များများ သိခွင့်ရသလို သိပြီးသားတွေလည်း ပိုပြီးနားလည်သဘောပေါက်သွားပါတယ်၊ ဒီပွဲကနေ အဓိကရရှိခဲ့တာကတော့ ကျွန်တော်တို့အနေနဲ့ စာများများဖတ်ဖို့လိုတယ်ဆိုတာကို နားလည်ခဲ့ပါတယ်၊ စာဖတ်မှ အရာရာတိုးတက်ပြောင်းလဲမယ်ဆိုတာကို သိခဲ့ပါတယ်” ဟု အဆိုပါပွဲသို့ တက်ရောက်လာသူ လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်သီဟနောင်က ပြောသည်။



ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ ၁၀၀၀ ကျော် တက်ရောက်ကြပြီး ဆွေးနွေးပွဲမစတင်မီ သက်ငယ်မုဒိမ်း အသိပညာပေးအဖွဲ့၏ အသိပညာပေး ဖျော်ဖြေတင်ဆက်မှုများအပြင် အိပ်မက်ဆုံရာ အစီအစဉ်မှ တေးသံရှင်များကလည်း တေးသီချင်းများဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင် ကျင်းပလျက်ရှိရာ လာရောက်လေ့လာဆွေးနွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)**



# အိန္ဒိယဘက်မှ ပစ်ခတ်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် လေးဦး သေဆုံးဟုဆို

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၅**
အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံအကြား ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသတွင် နှစ်နိုင်ငံပိုင်နက်များအား ခွဲခြားသတ်မှတ်ပေးထားသည့် ထိန်းသိမ်းရေးမျဉ်း(အယ်လ်အိုစီ)တစ်လျှောက်၌ အိန္ဒိယဘက်ခြမ်းမှ ပစ်ခတ်မှုများကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့သည်ဟု ပါကစ္စတန် စစ်ဘက်က ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ပါကစ္စတန် တပ်ဖွဲ့များက ပြန်လည်ပစ်ခတ်မှုကြောင့် အိန္ဒိယတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

ပါကစ္စတန်ကြည်းတပ်ဖွဲ့မှ တပ်သား လေးဦးသည် နှစ်နိုင်ငံပိုင်းခြား သတ်မှတ်ထားသည့်မျဉ်း(အယ်လ်အိုစီ)တစ်လျှောက်ရှိ ဂျန်ဒရော့ကော့တ်ယီဒေသတွင် ကျဆုံးခဲ့ကြောင်း ပါကစ္စတန် စစ်ဘက်ပြည်သူ့ဆက်ဆံရေး ဌာနက ဖော်ပြသည်။

**သုံးဦးသေ**

ယင်းဒေသရှိ ဆက်သွယ်ရေးလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေသည့် ပါကစ္စတန်တပ်ဖွဲ့များ အနီးသို့ စိန်ပြောင်းကျည်များ နီးကပ်စွာကျရောက်ခဲ့ခြင်းဖြစ်ပြီး ပါကစ္စတန်တပ်ဖွဲ့များက ပြန်လည်ပစ်ခတ်ခဲ့ခြင်းကြောင့် အိန္ဒိယတပ်ဖွဲ့ဝင်သုံးဦးသေဆုံးကာ ထိခိုက်ဒဏ်ရာရသူ အနည်းငယ်ရှိကြောင်း ပါကစ္စတန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် ကက်ရှ်မီးယားဒေသအား ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်း(အယ်လ်အိုစီ)တွင် အပစ်အခတ်များ ရပ်စဲထားရန် ၂၀၀၃ ခုနှစ်တွင် သဘောတူညီချက်များ ရယူထားကြသော်လည်း နယ်စပ်ဖြတ်ကျော် ပစ်ခတ်မှုများပုံမှန်သဖွယ်ဖြစ်ပေါ်နေကြသည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ကက်ရှ်မီးယားဒေသရှိ ယင်းထိန်းချုပ်ရေးမျဉ်းတစ်ဖက်ရှိ အိန္ဒိယစစ်ဘက်အခြေစိုက်စခန်းတစ်ခုအား စစ်သွေးကြွများ၏ စီးနင်းတိုက်ခိုက်မှုကြောင့် ယင်းဒေသတွင် တင်းမာမှုမြင့်တက်လာခဲ့သည်။

ယင်းတိုက်ခိုက်မှုအပေါ် အိန္ဒိယနိုင်ငံက ပါကစ္စတန်အခြေစိုက် ဂျိဘက် ဟီး မိုဟာမက် အကြမ်းဖက်မှုတွင် တာဝန်ရှိကြောင်း ပြစ်တင်ပြောကြားခဲ့ပြီး ပါကစ္စတန်နိုင်ငံကမူ ယင်းတိုက်ခိုက်မှု၌ ၎င်းတို့ ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုကာ လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုပြုရန် အကြံပြုခဲ့သည်။

**ဆင်ဟွာ**

## တောင်ကိုရီးယား အိုလံပစ်အားကစားပြိုင်ပွဲသို့ မြောက်ကိုရီးယား သံစုံတီးဝိုင်း သွားရောက်ဖျော်ဖြေမည်

**ပြုံယမ်း ဇန်နဝါရီ ၁၅**
မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံ ပြုံချန်းအိုလံပစ် အားကစားပြိုင်ပွဲတွင် ကပြဖြေဖျော်မည့် မြောက်ကိုရီးယား သံစုံတီးဝိုင်းအဖွဲ့သားများကို စေလွှတ်ပို့ဆောင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ တာဝန်ရှိသူများက ယနေ့ သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံတာဝန်ရှိသူများက စစ်မဲ့ဇုန် ပန်မွန်ဂျုံရွာတွင် တွေ့ဆုံဆွေးနွေးပြီးနောက် အထက်ပါကိစ္စနှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိခဲ့သည်ဟု ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ပြုံယမ်းက ဖျော်ဖြေသူ ၁၄၀ ခန့်ပါဝင်သော ဆမ်ဂျီယောင် သံစုံတီးဝိုင်းကို တောင်ကိုရီးယားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်သည်။

အဆိုပါ မြောက်ကိုရီးယားသံစုံတီးဝိုင်းသည် တောင်ကိုရီးယားမြို့တော်ဆိုးလ်နှင့် ရေခဲပြင် ဟော်ကီနှင့် စကိတ်စီးပြိုင်ပွဲများ ကျင်းပမည့် ဂန်းညောင်းမြို့သို့ သွားရောက်ကာ သီဆိုကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်စေရန်ရည်ရွယ်ပြီး မြောက်ကိုရီးယားသံစုံတီးဝိုင်း ဖြေဖျော်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်ဟု တောင်ကိုရီးယားအစိုးရက ဆိုသည်။

အဆိုပါ သံစုံတီးဝိုင်းသည် တောင်ကိုရီးယားနိုင်ငံသို့ ပန်မွန်ဂျုံရွာမှတစ်ဆင့် ကုန်းကြောင်းလမ်းအတိုင်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှား စျေးကွက်အိတ်ချိန်း အဆောက်အအုံတစ်ခု ကြမ်းခင်းပြိုကျ၊ လူ ၇၇ ဦးခန့် ဒဏ်ရာရ

**ဂျကာတာ ဇန်နဝါရီ ၁၅**
အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ စျေးကွက်အိတ်ချိန်းအဆောက်အအုံတစ်ခု၏ ကြမ်းခင်းပြိုကျခဲ့ရာ လူ ၇၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

ဇန်နဝါရီ ၁၅ ရက်မွန်းလွဲပိုင်းတွင် အဆိုပါ အဆောက်အအုံ၏ ထပ်ခိုးလျှောက်လမ်းတစ်ခု ပြိုကျခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

အဆိုပါ ကြမ်းခင်းပြိုကျမှုသည် စျေးကွက် အိတ်ချိန်းသတင်းများ ထုတ်လွှင့်မှုကို နေ့လယ်ခင်းထမင်းစားချိန် ခေတ္တရပ်ဆိုင်းထားသည့် အချိန်ဖြစ်သော်လည်း အချို့အလုပ်သမားများနှင့် အလည်အပတ်ရောက်ရှိနေသည့် တက္ကသိုလ်ကျောင်းသားများ ရှိနေစဉ်ဖြစ်သည်။

အခင်းဖြစ်ပွားမှုကို မှတ်တမ်းတင်ထားသည့် ဓာတ်ပုံများတွင် အဆောက်အအုံ အပြင်ဘက်သို့ ထွက်ပြေးနေကြသည့် ပြည်သူများကို တွေ့မြင်ရသည်။ အချို့ပြည်သူများက မြေကြီးပေါ်တွင် ထိခိုက်ဒဏ်ရာရရှိသည့်အတွက် လဲလျောင်းသည့် အနေအထားကို တွေ့မြင်ရသည်။

အဆိုပါ အဆောက်အအုံတွင် လွန်ခဲ့သော ၁၈ နှစ်က အကြမ်းဖက်သမားများ၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၀ ဦး သေဆုံးခဲ့သည်။ သို့သော် ရဲအရာရှိများက အဆိုပါ အကြမ်းဖက်မှုကို မတော်တဆဖြစ်ပွားမှုကြောင့် အဆောက်အအုံ၏ အစိတ်အပိုင်းအချို့ ပြိုကျခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပီရူးနိုင်ငံ တောင်ပိုင်းတွင် အင်အားပြင်း ငလျင်လှုပ် တစ်ဦးထက်မနည်း သေဆုံး၊ အများအပြား ဒဏ်ရာရ

လီမာ ဇန်နဝါရီ ၁၅

**ပီရူးနိုင်ငံတောင်ပိုင်းပင်လယ်ကမ်းလွန်တွင် ဇန်နဝါရီ ၁၄ ရက်က အင်အားပြင်းထန်သော မြေငလျင်လှုပ်ခတ်ခဲ့ရာ လူတစ်ဦးထက်မနည်း သေဆုံးပြီး ဒါဇင်များစွာ ဒဏ်ရာရခဲ့ကာ မြေငလျင်ဘေးသင့်ရာဒေသများအား အရေးပေါ်အခြေအနေ ကြေညာမည်ဟု ပီရူးအစိုးရက ပြောကြားသည်။**



ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိမြေငလျင်တစ်ခု ဇန်နဝါရီ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၈ မိနစ်တွင် ပင်လယ်ကမ်းခြေမြို့အာကွီပါ၌ လှုပ်ခတ်ခဲ့ကြောင်းနှင့် မြေငလျင်ဗဟိုချက်သည် မြေအောက်အနက် ၄၈ ကီလိုမီတာတွင် ဖြစ်ကြောင်း ပီရူးဘူမိရူပသိပ္ပံ(အိုင်လိုပီ)က ပြောကြားသည်။ ယင်းမြေငလျင်လှုပ်ခတ်မှုကို ပီရူးနိုင်ငံ မြို့တော် လီမာ၊ အိုင်ကာ၊ အရာကူချို့နှင့် အခြားမြို့များတွင်လည်း ခံစားရကြောင်း ပီရူးအမျိုးသားသတင်းဌာန အန်ဒီနာက ဖော်ပြသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် အာကွီပါကမ်းခြေတစ်လျှောက်တွင် ပင်လယ်ရေလှိုင်းများ ခုနစ်မီတာအထိ မြင့်တက်ခဲ့ပြီး ဆူနာမီဖြစ်ပေါ်မည့် အခြေအနေမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် လူတစ်ဦးထက်မနည်း သေဆုံးပြီး အခြား ၄၂ ဦး ထိခိုက်ဒဏ်ရာရရှိကာ နေအိမ်ဒါဇင်များစွာ ပြိုကျခဲ့ကြောင်း ပီရူးအစိုးရက အတည်ပြုပြောကြားသည်။

အဆိုပါမြေငလျင်သည် ရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိပြီး အကီရီမြို့ကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့(ယူအက်စ်ဂျီအက်စ်)က ပြောကြားသည်။

**အိုးမဲ့အိမ်မဲ့**

၂၀၀၁ ခုနှစ် ဇွန် ၂၃ ရက်ကလည်း ပီရူးနိုင်ငံတောင်ပိုင်းတွင် အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ရှားမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၅၀ ခန့်သေဆုံးပြီး ဒေသတွင်းရှိ လူဦးရေ ၃၀၀၀ မှာ ထိခိုက်ဒဏ်ရာရခဲ့သည်။ မြေငလျင်ဒဏ်ကြောင့် ဒေသခံပြည်သူ ၂၂၀၀၀ တို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

**ဆင်ဟွာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ၏ အခကြေးငွေကိုသတ်မှတ်ခြင်းနှင့် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များကို ရပ်စဲခြင်း**

၃၆၅။(က) စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီမရှိခဲ့လျှင် မြီရှင်များသည် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများသို့ ပေးချေရမည့် အခကြေးငွေများကိုသတ်မှတ်နိုင်ပြီး အခကြေးငွေကို သတ်မှတ်ထားခြင်း မရှိခဲ့လျှင် ထိုအခကြေးငွေကို တရားရုံးက သတ်မှတ်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များအားလုံးသည် စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီ မရှိခဲ့လျှင်မြီရှင်များက ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သည့်ကိစ္စရပ်မှအပ ရပ်စဲစေရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့်အခွင့်အာဏာ**

၃၆၆။တရားရုံးကသော်လည်းကောင်း၊ တရားရုံး၏ ညွှန်ကြားချက်ဖြင့်သော်လည်းကောင်း ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှအပ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးသည် သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာ၌ လစ်လပ်သွားလျှင် မြီရှင်များသည် ထိုလစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည်။

**မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်အား လိုက်နာရခြင်း**

၃၆၇။ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်များသည် မြီရှင်များကကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကဲ့သို့ သက်ဆိုင်စေရမည်ဖြစ်ပြီး အဆိုပါပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏လုပ်ပိုင်ခွင့်များကို တရားရုံးကဖြစ်စေ၊ စစ်ဆေးရေးကော်မတီကဖြစ်စေ ခွင့်ပြုချက်ပါရှိမှအပ ကျင့်သုံးဆောင်ရွက်ခြင်း မပြုရ။

**နှစ်စဉ် နှစ်ကုန်ဆုံးချိန်၌ ကုမ္ပဏီ၏အစည်းအဝေးများနှင့် မြီရှင်များ၏ အစည်းအဝေးများအား ခေါ်ယူကျင်းပစေရန် ဆောင်ရွက်ရမည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်**

၃၆၈။ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို တစ်နှစ်ကာလထက်ပိုမို၍ ဆက်လက်ဆောင်ရွက် ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပထမတစ်နှစ်နှင့် နောက်နှစ် တစ်နှစ်စီ ကုန်ဆုံးချိန်၌ သို့မဟုတ် သင့်လျော်သည့် အချိန်၌ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်နှင့် မြီရှင်များ၏ အစည်းအဝေးတစ်ရပ်ကို ကျင်းပရန်ဆင့်ဆိုနိုင်ပြီး အစည်းအဝေးများတွင် ပြီးခဲ့သည့်နှစ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အတွက် ၎င်း၏ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှု အခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ပြုစုထားသည့် ရေးသားဖော်ပြချက် တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

၃၆၉။စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၆၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေ ကျပ်ငါးသိန်းကို ပေးဆောင်ရမည်။

**အပြီးသတ်အစည်းအဝေးနှင့် ကုမ္ပဏီဖျက်သိမ်းခြင်း**

၃၇၀။(က) ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ပစ္စည်းများကို မည်သို့စီမံခန့်ခွဲခဲ့သည် တို့ကို ဖော်ပြပါရှိစေရမည်။ ယင်းနောက် အဆိုပါစာရင်းကို တင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်းပြောဆိုရန်အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်နှင့် မြီရှင်များ၏ အစည်းအဝေးတစ်ရပ်တို့ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးတစ်ရပ်စီကို အချိန်၊ နေရာနှင့် ရည်ရွယ်ချက်တို့အား သတ်မှတ်ကြေညာ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါ အကြောင်းကြားစာတစ်စောင်အား ထုတ်ဝေခြင်းအတွက် သတ်မှတ်ပါရှိသည့် နည်းလမ်းများဖြင့် အစည်းအဝေးမကျင်းပမီ အနည်းဆုံး ၂၈ ရက် ကြိုတင်၍ ထုတ်ပြန်ရမည်။

(ဂ) အစည်းအဝေးများကို ကျင်းပသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သို့မဟုတ် အစည်းအဝေးများအား အဆိုပါနေ့ရက်များတွင် ကျင်းပနိုင်ခြင်းမရှိခဲ့လျှင် နောင်တွင်ကျင်းပသည့်နေ့ရက်မှ ရက်သတ္တပတ် တစ်ပတ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းမိတ္တူ တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေးကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ပြန်ကြားရမည်။ အစည်းအဝေး၌ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့်ဦးရေ (ဤပုဒ်မပါကိစ္စရပ်များအတွက် အစည်းအဝေးသို့ တက်ရောက်ရမည့် ပုဂ္ဂိုလ်နှစ်ဦး ရှိရမည်) မပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့် ဦးရေအပြည့်အဝ မတက်ရောက်ခဲ့ကြောင်း ဖော်ပြပါရှိသည့် ပြန်ကြားချက်တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့်အခါ ပြန်ကြားချက်ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် စာရင်း သို့မဟုတ် ပုဒ်မခွဲ (ဂ) တွင် ဖော်ပြပါရှိသော အစည်းအဝေး တစ်ရပ်စီနှင့်စပ်လျဉ်းသည့် ပြန်ကြားချက် တစ်ရပ်ရပ်ကို လက်ခံရရှိသည့်အခါ ယင်းတို့အား မှတ်ပုံတင်ရေးသွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍ သုံးလပြည့်မြောက်ပြီးသည့်အချိန်တွင် ကုမ္ပဏီအား ဖျက်သိမ်းပြီး ဖြစ်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင်ရောက်ရှိသူတစ်ဦးဦးကဖြစ်စေ လျှောက်ထား တင်ပြလာလျှင် တရားရုံးသည်သင့်သည်ဟုထင်မြင်သည့် အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်စေမည်ဟု သတ်မှတ်သောနေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၇၁။ပုဒ်မ ၃၇၀၊ ပုဒ်မခွဲ (ဂ) နှင့်အညီ စာရင်းမိတ္တူပေးပို့ခြင်းနှင့် ပြန်ကြားချက်ပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

၃၇၂။ပုဒ်မ ၃၇၀၏ ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့် တရားရုံး၏ အမိန့်တစ်ရပ်အပေါ် လျှောက်ထားသူသည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ ၁၀ ရက်အတွင်း အဆိုပါအမိန့်အား မှတ်ပုံတင်ရန်အတွက် အမိန့်၏မူရင်းမိတ္တူ မှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူသည် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

## ကုမ္ပဏီတွင်ပါဝင်သူများကဖြစ်စေ၊ မြီရှင်များကဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကိစ္စရပ်များအားလုံးနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

၃၇၃။ပုဒ်မ ၃၇၄ မှ ၃၈၂ အထိပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင် ပါဝင်သူများကဖြစ်စေ၊ မြီရှင်များကဖြစ်စေ ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

**ကုမ္ပဏီ၏ပစ္စည်းများကို ခွဲဝေဆောင်ရွက်ခြင်း**

၃၇၄။ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဦးစားပေးငွေပေးချေမှုများနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ပစ္စည်းများကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ အခြား နည်းဖော်ပြထားခြင်းမရှိလျှင် ကုမ္ပဏီ၏တာဝန်ရှိမှုများအတွက် အချိုးကျအသုံးပြုရမည်ဖြစ်ပြီး ကုမ္ပဏီရှိ ပါဝင်သူတို့၏အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များအရကုမ္ပဏီတွင် ပါဝင်သူများအကြား ခွဲဝေဆောင်ရွက်ရမည်။

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏တာဝန်နှင့် လုပ်ပိုင် ခွင့်များ**

၃၇၅။(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒလျောက်ဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားရုံး သို့မဟုတ် စစ်ဆေးရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း ကုမ္ပဏီကိုဖျက်သိမ်းသည့် ကိစ္စရပ်တွင် ပုဒ်မ ၃၂၁၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဈ) တို့အရ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသို့ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အားလုံးကို ကျင့်သုံး ဆောင်ရွက်နိုင်သည်။ ဤပုဒ်မအရပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျင့်သုံးဆောင်ရွက်ရာတွင် တရားရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးသည် ဤလုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တရားရုံးသို့တင်ပြလျှောက်ထားနိုင်သည်။

(၂) ပုဒ်မခွဲငယ် (၁) တွင်ဖော်ပြပါရှိသော ခွင့်ပြုချက်မပါရှိဘဲ ကုမ္ပဏီကို ဖျက်သိမ်းသည့် ကိစ္စရပ်တွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသို့ တရားရုံးကပေးအပ်ထားသည့် ဤဥပဒေအရ အခြားသောလုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံး ဆောင်ရွက်နိုင်သည်။

(၃) ကြွေးမြီပေးဆပ်ရသူများစာရင်းကို ရှင်းလင်းဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်ထားသည့် တရားရုံး၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ပြီး ကြွေးမြီ ပေးဆပ်ရသူများစာရင်းသည် ယင်းစာရင်းတွင် ကြွေးမြီပေးဆပ်ရသူများအဖြစ် ပါရှိသူများ၏ တာဝန်ရှိမှုများအတွက် ခိုင်လုံသည့် သက်သေခံချက် ဖြစ်စေရမည်။

(၄) ငွေကြေးထည့်ဝင်ရန် တောင်းခေါ်မှုပြုလုပ်နိုင်သည့် တရားရုံး၏အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။ ၎င်းအပြင်

(၅) အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ ခွင့်ပြုချက်ကိုရယူရန် သို့မဟုတ် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့် အခြားကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ကြွေးမြီများကို ပေးချေရမည်ဖြစ်ပြီး ကြွေးမြီပေးဆပ်ရသူများ အကြား ၎င်းတို့၏ အခွင့်အရေးများကို ချိန်ညှိဆောင်ရွက်ပေးရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများစွာအား ခန့်အပ်ထားခဲ့လျှင် ဤဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ၎င်းတို့အား ခန့်အပ်သည့်အချိန်၌ သတ်မှတ်ထားသည့်အတိုင်း တစ်ဦးကသော်လည်းကောင်း၊ အများကသော်လည်းကောင်း ကျင့်သုံး ဆောင်ရွက်နိုင်သည်။ ထိုသို့သတ်မှတ်ထားခြင်းမရှိခဲ့လျှင် နှစ်ဦးထက်မနည်းသော စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိများက ကျင့်သုံးဆောင်ရွက်နိုင်သည်။

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအားခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းများနှင့်သက်ဆိုင်သည့် တရားရုံး၏ အခွင့်အာဏာ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ခန့်အပ်မှုကို အကြောင်းကြားခြင်း**

၃၇၆။(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက အကြောင်းတစ်စုံတစ်ရာကြောင့်မရှိသည့် ကိစ္စရပ်များတွင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် အကြောင်းတစ်စုံတစ်ရာ တင်ပြလာလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ထုတ်ပယ်နိုင်ပြီး အခြားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအား ခန့်အပ်ပြီးနောက် ၂၁ ရက်အတွင်း မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ခန့်အပ်မှုအကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

၃၇၇။စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ပုဒ်မ ၃၇၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**မြီရှင်များအပေါ် တရားဝင်စည်းနှောင်မှုရှိသည့် စီစဉ်ဆောင်ရွက်မှုများ**

၃၇၈။(က) စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်မည့် သို့မဟုတ် ဆောင်ရွက်နေသည့် ကုမ္ပဏီ တစ်ခုနှင့် ယင်း၏မြီရှင်များအကြားပြုလုပ်သည့် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို အထူးဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့လျှင် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ မြီရှင်များ၏ အရေအတွက်နှင့် တန်ဖိုးအရလေးပုံသုံးပုံဖြင့်လက်ခံခဲ့လျှင် မြီရှင်များအပေါ်တွင် လည်းကောင်း တရားဝင်စည်းနှောင်မှုရှိသည်။ ယင်းကိစ္စရပ်အပေါ်တွင် ဤပုဒ်မအရ အယူခံခွင့်ရှိသည်။

(ခ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စီစဉ်ဆောင်ရွက်မှုများ ပြီးစီးပြီး နောက် ၂၁ ရက်အတွင်း ယင်းကိစ္စအပေါ်တွင် တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။ ထိုအယူခံမှုအရ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စီစဉ်ဆောင်ရွက်မှုကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အတည်ပြုခြင်းများ ပြုလုပ်နိုင်သည်။

**ကိစ္စရပ်များကိုဆုံးဖြတ်နိုင်ရန်နှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည့် အခွင့်အာဏာ**

၃၇၉။(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင် တစ်ဦးဦးသည် ကုမ္ပဏီအားဖျက်သိမ်းရာတွင် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးရန် သို့မဟုတ် ငွေကြေးထည့်ဝင်ရန် တောင်းခေါ်မှုများအား အတည်ပြုခြင်း၊ တရားစွဲဆိုဆောင်ရွက်မှုဆိုင်းငံ့ခြင်း သို့မဟုတ် အခြားကိစ္စရပ်များတို့နှင့် စပ်လျဉ်းပြီး ကုမ္ပဏီအား တရားရုံးဖြင့်ဖျက်သိမ်းဆောင်ရွက်သကဲ့သို့ တရားရုံးကကျင့်သုံးနိုင်ခွင့်ရှိသည့် အခွင့်အာဏာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးသည် ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်မှုများအပေါ် တရားဝင်လျက်ရှိသည့်ဝရမ်းကပ်ခြင်း၊ ပစ္စည်းများသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းများကို ပယ်ဖျက်သည့်အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဂ) အဆိုပါ လျှောက်ထားမှုကို ကုမ္ပဏီဖျက်သိမ်းခြင်းအပေါ် စီရင်ဆုံးဖြတ်ခွင့်ရှိသည့် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသည် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးခြင်း၊ လိုအပ်သော အခွင့်အာဏာကိုကျင့်သုံးခြင်း သို့မဟုတ် လိုက်နာရမည့်အမိန့်တစ်ရပ်ကို ချမှတ်ခြင်းတို့သည် လျော်ကန်မျှတပြီး အကျိုးဖြစ်ထွန်းစေကြောင်း ကျေနပ်လက်ခံလျှင်၎င်းသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် လျှောက်ထားမှု တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လက်ခံနိုင်သည် သို့မဟုတ် လျှောက်ထားမှုအပေါ် သင့်သည်ထင်မြင်သည့် အခြားအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ကျခံရသည့်စရိတ်များ**

၃၈၀။ကုမ္ပဏီကိုဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေအပါအဝင် ကျခံရသော ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအားလုံးကို အာမခံအကျိုးခံစားခွင့်ရရှိသော မြီရှင်များ (secured creditors) ၏ အခွင့်အရေးများရှိခဲ့လျှင် ယင်းတို့ကို မထိခိုက်စေဘဲ အခြားသော တောင်းခံတင်ပြမှုများထက် ဦးစားပေး၍ ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များမှ ပေးချေရမည်။

ဆက်လက်ဖော်ပြပါမည်။

# မန္တလေးတက္ကသိုလ်နှင့်မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ပူးပေါင်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့သင်တန်းဖွင့်လှစ်



**ချမ်းအေးသာစံ ဇန်နဝါရီ ၁၅**
မန္တလေးတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေး တက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်လမ်း ၈၀၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား မန္တလေးအဝေးသင်တက္ကသိုလ် အောင်ပင်လယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသီတာဝင်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။ ထို့နောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာနပါမောက္ခ/ဌာနမှူးသင်တန်းတာဝန်ခံက သင်တန်းရေးရာနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။ မန္တလေးတက္ကသိုလ်နှင့်စီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၉၅ ဦးတက် ရောက်ကြပြီး သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။

သင်တန်းများအား ရုံးပိတ်ရက်များတွင် သင်ကြားပို့ချပြီးသင်တန်းတွင် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအလေ့ကျင့်များ ပျိုးထောင်မှု၊ ဒီမိုကရေစီကျင့်စဉ်များနားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးတတ်မှု၊ ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ရေးလေ့ကျင့်မှုအပါအဝင် ဘာသာရပ် ဆိုင်ရာလေ့လာသင်ကြားခြင်းများအား စာတွေ့လက်တွေ့ ကွင်း ဆင်းလေ့လာခြင်း၊ စာတမ်းများတင်သွင်းများဖြင့် သင်ကြားပို့ချမည်ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

# ကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှုကွင်းဆင်းကြည့်ရှု

**ညောင်ဦး ဇန်နဝါရီ ၁၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဖက်တန်းကျေးရွာအနီးရှိ ရေလာရိုးချောင်းသည် မိုးတွင်းကာလအချိန်တွင် ဒေသခံပြည်သူများ ချောင်းရေတိုက်စားမှုများနှင့် ကြုံတွေ့နေရသည့်အပြင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင်လည်း ရေတိုက်စားမှုများကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်းများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသဖြင့် ဒေသခံပြည်သူများ ချောင်းရေတိုက်စားမှုဒဏ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ ညောင်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၆ ဒသမ ၁၈၉ သန်းဖြင့် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါစနစ်ဖြင့် ခွင့်ပြုချထားပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှု လုပ်ငန်းခွင်သို့ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်(ရုံးချုပ်) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အဖွဲ့မှ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှုလုပ်ငန်းခွင်အား ကွင်းဆင်းစစ်ဆေးရာသို့ ညောင်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်အောင်၊ အငယ်တန်းအင်ဂျင်နီယာ ဒေါ်သင်းဖြိုးဝေနှင့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီမှ တာဝန်ခံဦးထွန်းလင်းတို့က ကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှု အခြေအနေများနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန် ပစ္စည်းစုဆောင်းထားရှိမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့သည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက တောင်ဘက်တန်း ကျေးရွာမှ ဒေသခံပြည်သူများ မိုးတွင်းကာလတွင် ချောင်းရေတိုက်စားမှုများကြောင့် ကြုံတွေ့နေရသည့် သွားလာရေးခက်ခဲမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် သီးနှံစိုက်ခင်းပျက်စီးဆုံးရှုံးမှုများ လျော့ပါးသက်သာသွားစေရေးတင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့်ကုမ္ပဏီအနေဖြင့် ချောင်းရေလာရိုး ကျောက်စီမြေထိန်းနံရံအား ကြံ့ခိုင်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်း၏ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် အနီးကပ်ကြီးကြပ် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် တောင်ဖက်တန်းကျေးရွာ ချောင်းရေလာရိုး ကျောက်စီမြေထိန်းနံရံ (၃၇၁၆ ပေ× ၁ ပေ ၆ လက်မ × ၇ ပေ) တည်ဆောက်ခြင်းလုပ်ငန်းအား လင်းလက်ပြည့်စုံအောင်ကုမ္ပဏီမှ တင်ဒါစနစ်ဖြင့် ခွင့်ပြုရန်ပုံငွေကျပ် ၈၆ ဒသမ ၁၈၉ သန်းဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ပေ ၁၀၀၀ ခန့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည်။ အဆိုပါ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးသွားပါက တောင်ဖက်တန်းကျေးရွာရှိ အိမ်ထောင်စု ၄၁၀မှ လူဦးရေ ၂၁၃၀အား များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# စိမ့်စမ်းရေသွယ်လုပ်ငန်းကြည့်ရှု

**ပုတာအို ဇန်နဝါရီ ၁၅**
ကချင်ပြည်နယ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြသိန်းသည် ပုတာအိုမြို့နယ် မူလာရှီးဒီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆီးနှင်းလွင်ပြင်ကုမ္ပဏီမှတင်ဒါအောင်မြင်ဆောင်ရွက်လျက်ရှိသောစိမ့်စမ်းရေသွယ်လုပ်ငန်းအား ဇန်နဝါရီလ ၁၄ရက်ကွင်းဆင်းစစ်ဆေးသည်။

ပုတာပိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးစောသီဟက မူလာရှီးဒီးကျေးရွာ အိမ်ခြေ ၆၀၀ ကျော်အတွက်အကွာအဝေး သုံးမိုင်မှသွယ်ယူပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေအားရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်မှုသရုပ်ပြ

**ချောက် ဇန်နဝါရီ ၁၅**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၉)ရပ်ကွက် ပြည်သူ့ဈေးတွင် ဇန်နဝါရီ ၁၄ ရက် ညနေ ၄ နာရီက လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြပြုလုပ်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့၊ မြို့မိမြို့ဖများပူးပေါင်း၍ မီးသတ်ယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၁၁ စီးဖြင့် ပြည်သူ့ဈေးအတွင်း သရုပ်ပြမီးငြှိမ်းသတ်ကြသည်။

အဆိုပါ သရုပ်ပြသရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းသရုပ်ပြမီးငြှိမ်းသတ်ခြင်းကို အင်အား ၇၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# တိုင်းဒေသကြီးနှင့် ပြည်နယ်ဗိုဗီနမ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**
တိုင်းဒေသကြီးနှင့် ပြည်နယ် ဗိုဗီနမ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)ရုံတွင်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဗိုဗီနမ်အားကစားနည်းသည် မြန်မာ့ရိုးရာသိုင်းပညာ၏ ဟန်ပန်များနှင့် ရာခိုင်နှုန်းတော်တော်များများ တူညီပါကြောင်း၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိပြီး အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဗိုဗီနမ်အားကစားနည်း စဉ်ဆက်မပြတ် ပိုမိုတိုးတက်အောင်မြင်စေရန် ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အသင်းလိုက်သရုပ်ပြပြိုင်ပွဲနှင့် တစ်ဦးချင်းအတိုက် ကီလိုတန်းပြိုင်ပွဲများ ကျင်းပရာ အဆိုပါ ပြိုင်ပွဲများအား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် ဗိုဗီနမ်ပြိုင်ပွဲများကို ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ရုံတွင် နံနက် ၉ နာရီမှစတင်၍ ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**မိတ္ထီလာ ဇန်နဝါရီ ၁၅**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် သစ်သီးဝလံများကို အခြေခံ၍ တာရှည်ခံစားသောက်ကုန် ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်လာနိုင်စေရန် ရည်ရွယ်၍ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသာဝက အမှာစကားပြောကြားပြီး ဒေါ်မြင့်မြင့်ခိုင် (လက်ထောက်အင်ဂျင်နီယာ)က ဒေသခံပြည်သူများ မိမိတို့ အိုးမကွာ အိမ်မကွာဖြင့် လုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ လုပ်ငန်းရှင်အဆင့်သို့ ရောက်ရှိ နိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေ၍ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေးနှင့် အစားအသောက်များကို သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်အကြောင်းများကို သိရှိပြီး လူနေမှုဘဝမြင့်တက်လာစေရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဒေသခံသင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သစ်သီးများ ပျက်စီးရခြင်းခြင်းအကြောင်းအရင်းများ၊ သစ်သီးယိုမျိုးစုံထုတ်လုပ်နည်း၊ သစ်သီးဖျော်ရည်မျိုးစုံထုတ်လုပ်နည်း၊ သစ်သီး အခြောက်ပြုလုပ်နည်း၊ သစ်သီးဆော့(စ်)သစ်သီးဂျမ်းပြုလုပ်နည်းများ၊ ဂျယ်လီအမျိုးမျိုးပြုလုပ်နည်းများ၊ အစားအသောက်များဆိုင်ရာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဘာသာရပ်များကို ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဆောင်ရွက်

**ပလောက် ဇန်နဝါရီ ၁၅**

ပွင့်လင်းရာသီဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ မြို့ပေါ်ရပ်ကွက်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက် တစ်အိမ်ဆင်း အသိပညာပေးဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ပလောက်မြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့သည်။

ပလောက်မြို့ မြို့ပေါ်ရပ်ကွက်၌ နေထိုင်ကြသူများအား မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဖိုအတွင်းရှိ မီးကြွင်း၊ မီးကျန်များ စနစ်တကျ ငြိမ်းသတ်ထားရှိရန်၊ လူမရှိဘဲ ထမင်း၊ ဟင်း ချက်ပြုတ်ထားရှိခြင်း မပြုလုပ်ရန်၊ လျှပ်စစ်ဝါယာကြိုးများအား စနစ်တကျသွယ်တန်းထားရှိရန်၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝါယာကြိုးများ အသစ်လဲလှယ် တပ်ဆင် ထားရှိရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နိုင်ဦး(မြန်/ဆက်)**

## မြေပဲ အထွက်နှုန်းတိုးစေရေးလက်တွေ့ပညာပေး

**ကော့ကရိတ် ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် သုံးဆယ့်သုံးဆူကျေးရွာတွင် ဆီထွက်ဆောင်းမြေပဲများ အထွက်နှုန်းကောင်းစေရေးအတွက် ဂျစ်ပဆန်ကျောက်မှုန့် မြေဩဇာစနစ်တကျထည့်သွင်းခြင်း သရုပ်ပြသပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက တောင်သူ ဦးနဲပေါ်၏ မြေပဲ ၁၀ ဧက စိုက်ခင်းတွင် ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ သုံးဆယ့်သုံးဆူကျေးရွာတွင် မြေပဲစိုက်ဧက ၁၀၀ ရှိပြီး မြေပဲတစ်ဧက အထွက်နှုန်းတိုးစေပြီး ဈေးကွက်ရရှိစေရေးအတွက် မြေပဲစိုက်ပျိုးပြီး ၄၅ ရက်သားတွင် ဂျစ်ပဆန်ကျောက်မှုန့်မြေဩဇာစနစ်တကျ ထည့်သွင်းနည်း၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ မျိုးမှန်ကန်ရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို တက်ရောက်လာကြသော ကျေးရွာတောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး နော်သူးလေထီးနှင့် ဝန်ထမ်းများက ရှင်းလင်းပညာပေးကြသည်။ ဆက်လက်၍ မြေပဲစိုက်ခင်းအတွင်းဂျစ်ပဆန်ကျောက်မှုန့်မြေဩဇာများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**

# ထိုင်း–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် လှိုင်ကော်မြို့၌ကျင်းပ

**လှိုင်ကော် ဇန်နဝါရီ ၁၅**

(၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်တွင် ထိုင်း - မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး OTOP (One Tambon One Product) ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီက ကယားပြည်နယ်နေ့ပွဲတော်ကွင်းရှိ နှစ်နိုင်ငံချစ်ကြည်ရေး OTOP ကုန်စည်ပြပွဲ၌ ကျင်းပသည်။

ဆက်လက်၍ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် မယ်ဟောင်ဆောင် ဖွံ့ဖြိုးရေးဌာန ဒု-ခရိုင်ဝန်တို့က နှစ်နိုင်ငံချစ်ကြည်ရေး ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နှစ်နိုင်ငံမှ တိုင်းရင်းသားအကအဖွဲ့များက မိမိတို့၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ခရိုင်ဝန်နှင့် တက်ရောက်လာသူတို့က ကုန်စည်ပြခန်းများနှင့် (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့်ဇနီး ၊ ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်စည်သူ ၊ ထိုင်းနိုင်ငံမယ်ဟောင်ဆောင် ဒုတိယခရိုင်ဝန် Mr. Sakorn Rungrang နှင့်အဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



အဆိုပါ ကုန်စည်ပြပွဲတွင် နှစ်နိုင်ငံမှ ကုန်စည်ပြခန်း ၅၀ ရှိပြီး လူသုံးကုန်ပစ္စည်းများ၊ သဘာဝဆေးဖက်ဝင် ထုတ်ကုန်၊ဒေသထွက်သစ်သီးဝလံနှင့် ရိုးရာပစ္စည်းများပါဝင်ပြီး ဇန်နဝါရီ ၁၄ ရက်မှ မှ ၁၆ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

## ဝေါမြို့နယ်၌ ပထမအကြိမ် အေရိုးဗစ်သင်တန်းဖွင့်

**ဝေါ ဇန်နဝါရီ ၁၅**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံအေရိုးဗစ်နည်းပြ၊ နည်းစနစ်နှင့် ဒိုင်သင်တန်းအပတ်စဉ် ၁/၂၀၁၈ သင်တန်းဖွင့်ပွဲကိုဇန်နဝါရီလ ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်၊

အခမ်းအနားတွင် မြို့နယ်အား/ကာ ဦးစီးဌာနမှ အေရိုးဗစ်နည်းစနစ်မှူး ဒေါ်ခိုင်သရဖူ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စု၊ အ-လ-က (ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးတင်သိန်းဦးတို့က အမှာစကားအသီးသီးပြောကြားကြသည်။ ထို့နောက် အား/ကာဦးစီးဌာန အေရိုးဗစ်ဒိုင်နှင့် နည်းပြ ဒေါ်ပုံ့ပုံ့က အကဖြင့် ဖြေဖျော်တင်ဆက်ပြီး မြို့နယ်ခြင်းလုံးအဖွဲ့မှ ဦးအောင်နိုင်နှင့်အဖွဲ့က ခြင်းအလှခတ်ပြသကြကာ အေရိုးဗစ်သင်တန်းအား လက်တွေ့စာတွေ့သင်ကြားပို့ချကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ မြို့နယ် အား/ကာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပြေဝင်း၊ စာပေစေတမန် ပရဟိတအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာ ဘုန်းဇော်မိုး(ဥဿာ)၊ ရဲအုပ်တင်ထွန်းအောင် (စခန်းမှူး၊ ညောင်ခါးရှည်)၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ အင်အား ၂၀၀ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ ပညာရေးအုပ်စု ၅/၆ နှင့် အ-လ-က အထက်ပန်းညိုတို့မှ သင်တန်းသား ၆၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## အိမ်မဲမြို့၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်

**အိမ်မဲ ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်နိုင်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက အိမ်မဲမြို့နယ် စည်ပင်သာယာရေး မြို့မဈေးကြီးအရှေ့၌ ပြုလုပ်ခဲ့သည်။

အိမ်မဲမြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေယံစိုးက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းသုံးပစ္စည်းများ အသုံးပြုခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်း ပြောကြားပြီး ဈေးမီးဘေး ကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် မီးလောင်လျှင် မီးငြိမ်းသတ်မှုကို သရုပ်ပြခဲ့သည်။

မီးငြိမ်းသတ်မှု သရုပ်ပြရာတွင်မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးသတ်ကား သုံးစီး၊ စည်ပင်ကား တစ်စီး 13HP 188 FD Lifan ရေစုပ်စက်တစ်ခုအစရှိသည်တို့နှင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ 13HP 188 FD Lifan ရေစုပ်စက် အလှူရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဝန်ထမ်းများ၊ မြို့မဈေးဥက္ကဋ္ဌနှင့် ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အိမ်ရာနှင့်အဆောက်အအုံ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် အိမ်ရာအရောင်းပြပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း ၁၊ ၂ ပြီးနောက် ကျွန်စစ်မင်းတန်ဖိုး နည်းအိမ်ရာအပိုင်း ၁ တို့ဖြင့် စုစုပေါင်း အခန်းပေါင်း ၅၀၀၀ နီးပါးဆောက်လုပ်ဖော်ထုတ်ပေးခဲ့သည့် နည်းတူ ရန်ကုန်မြို့တွင် အိမ်ရာအဆောက်အအုံလိုအပ်ချက်မှာ အမြင့်မားဆုံးဖြစ်သည့်အတွက် အိမ်ရာအဆောက်အအုံနှင့် အိမ်ခြံမြေအရောင်းပြပွဲများ ခင်းကျင်းပြသလာကြသည်ကို တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က “ဒီလိုပြခန်းပေါင်း ရာချီပြီး အားပြိုင်ပြသတဲ့ ပြခန်းတွေမှာ တစ်နေရာတည်း၊ တစ်ထိုင်တည်း စုစုစည်းစည်းလေ့လာလို့ ရကြပါလိမ့်မယ်၊ ပြည်သူတွေကလည်း ကိုယ့်ရဲ့နိုင်တဲ့ဝန်ကို ချိန်ပြီး ဘယ်သူက ဝန်ဆောင်မှုကောင်းလဲ အရစ်ကျစနစ်နှင့် ဘယ်လိုရောင်းချပေးနေလဲဆိုတာကိုကြည့်ပြီး ဝယ်ယူနိုင်ကြမှာမို့ ဝယ်ယူကြမယ့် ပြည်သူတွေအတွက် အားသာချက်တွေက အများကြီးရှိပါတယ်၊ ရန်ကုန်မြို့တော်ဟာဆိုရင်လည်း လူဦးရေက အမြဲတမ်းတိုးပွားနေမှုနဲ့ အိမ်ရာတွေကလည်း အမြဲမပြတ်ဆောက်လုပ်နေရတာကြောင့် အခုလိုအိမ်ရာအရောင်းပါးတဲ့အချိန်မှာ အရောင်းမြှင့်ဖို့က အမြဲတမ်းလိုအပ်နေမယ်လို့ ယူဆပါတယ်” ဟု သုံးသပ်ပြောကြားသည်။

အရောင်းပြပွဲတွင် တန်ဖိုးနည်း၊ တန်ဖိုးလတ်နှင့် တန်ဖိုးသင့်အိမ်ရာတိုက်ခန်းများကိုလည်း ဆောက်လုပ်ရေးလုပ်ငန်းများက သက်ဆိုင်ရာဘဏ်များနှင့် အသီးသီးချိတ်ဆက်ကာ အထူးဈေးနှုန်းများဖြင့် ကြိုတင်ငွေအနည်းငယ်ပေးသွင်းရုံဖြင့် သတ်မှတ်နှစ်ကာလအလိုက် အရစ်ကျငွေပေးချေခြင်း၊ ဝယ်ယူနိုင်သည့် အစီအစဉ်များဖြင့် ရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲများ ကျင်းပခြင်းနှင့် ပတ်သက်၍ “အိမ်ရာ နှင့်ပတ်သက်တဲ့ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမျှတ၊ တန်ဖိုးလတ်အိမ်ရာစီမံကိန်းများ ပြောင်းလဲလာတဲ့ နေထိုင်မှုဘဝများနှင့်အညီ အဆင့်အတန်းမြင့် အသုံးအဆောင်ပစ္စည်းများကို စုပေါင်းခင်းကျင်းပြသခြင်းဖြစ်တဲ့အတွက် အရည်အသွေးပိုင်းကို မျက်မြင်ထိတွေ့ပြီး မှန်ကန်စွာ ရွေးချယ်နိုင်ကြမှာဖြစ်ပါတယ်၊ မိမိတို့အနေဖြင့်လည်း ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်ထိ ရန်ကုန်မြို့ တပ်မတော်ခန်းမမှာ တတိယအကြိမ်မြောက် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ခင်းကျင်းပြသမှာဖြစ်ပါတယ်။ ပြပွဲမှာ အိမ်ခြံမြေဈေးကွက်စမ်းပွင့်ချိန် ခေါင်းစဉ်ဖြင့် ဦးကျော်ကျော်လှိုင် (Chairman-Smart Group)၊ ဦးခင်မောင်ညို (ဘောဂဗေဒ)၊ ဦးအေးလွင် (UMFCCI ဗဟိုအလုပ်အမှုဆောင်)၊ ဦးစိုင်းခွန်နောင် (ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း)နှင့် ဦးသိန်းမြင့်ဝေ (လက်ထောက်ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ TTI) တို့မှ ဆွေးနွေးဟောပြောမည်ဖြစ်သည့်အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဦးဝင်းမော် (Managing Director၊ ဆောက်လုပ်ရေး အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ Construction & Housing Development Bank, CHD Bank)တို့ကလည်း ဆွေးနွေးဟောပြောမည်ဖြစ်ရာ လာရောက်လေ့လာအားပေးရန် ဖိတ်ခေါ်ပါတယ်”ဟု Dagon Exhibitions Limited Asst.Marketing Manager ကိုမြင့်ဇော်က ရှင်းလင်းပြောကြားသည်။

အဆိုပါပြပွဲများသည် ရန်ကုန်မြို့ကြီး၏ အိမ်ရာနှင့် အဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အထောက်အပံ့တစ်ခုအဖြစ် ဆွဲဆောင်နေကြောင်း သိရသည်။

**အေးမင်းသူ**

# YBS, Water Bus, School Bus များနှင့် ၂၀၁၇ တစ်နှစ်တာရန်ကုန်

ဆုနှင်းလဲ

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် နှစ်စမှစတင်၍ ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးကဏ္ဍ ပြုပြင် ပြောင်းလဲခဲ့သည်မှာ ယခုဆိုလျှင် တစ်နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မြို့နေလူထု ထက်ဝက်ကျော်ခန့် မှီခိုအားထားအသုံးပြုနေရသည့်ဘတ်စ်ကားလိုင်းများ ပြုပြင်ပြောင်းလဲခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စတင်ပြောင်းလဲဆောင်ရွက်ခဲ့ပြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မ-ထ-သ) မှသည် Yangon Bus Services YBS အဖြစ် စတင်ပြောင်းလဲလိုက်သည်မှာ ၂၀၁၇ ဇန်နဝါရီ ၁၆ ရက်က ဖြစ်သည်။

**မ-ထ-သ မှသည်** YBS **နှင့် ရန်ကုန်မြို့တော်**

ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြောင်းလဲလိုက်သော မြို့ပြဘတ်စ်ကားပို့ဆောင်ရေးစနစ် YBS တွင် စစချင်း ယာဉ်လိုင်း ၆၀ ခန့်ဖြင့် စတင်ခဲ့ပြီး ယာဉ်လိုင်းကုမ္ပဏီ ရှစ်ခုခန့်ကို ခွင့်ပြုခဲ့သည်ဟု ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ မှတ်တမ်းများအရ သိရသည်။ ယခင်က ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ရှိခဲ့ရာမှ လမ်းကြောင်းများ ပြန်လည်ရေးဆွဲကာ လမ်းကြောင်းသစ်ဖြင့် စတင်ပြေးဆွဲခဲ့ရာ စနစ်သစ်ပြောင်းလဲသည့် ပထမရက်သတ္တပတ်အတွင်း အများပြည်သူ ခရီးသွားများအား ကူညီရန် သက်ဆိုင်ရာတာဝန်ရှိသူများ အပြင် စေတနာ့ဝန်ထမ်းများကို ဖိတ်ခေါ်ဆောင်ရွက်မှုများရှိခဲ့သည်။ ယင်းအပြင် လိုင်းများရှိ ယာဉ်အင်အားများ အပြင် ပြင်ပတစ်ဦးတစ်ယောက်ချင်း၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများက စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကာ ယာဉ်အင်အားများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရသည်။ စတင်ပြောင်းလဲကာစတွင် အခက်အခဲများစွာ ကြုံတွေ့ရခြင်း၊ ယာဉ်ရှားပါးခြင်း၊ ခရီးစဉ်လမ်းကြောင်း မသိရှိခြင်း၊ ယာဉ်နှစ်ဆင့်သုံးဆင့်ပြောင်းစီးခြင်းများစွာ ကြုံတွေ့ခဲ့ရသည်။

ယင်းအခက်အခဲများသည် သုံးလကျော်လွန်လာသည်အထိအဆင်မပြေမှုများ၊ အခက်အခဲများ ကြုံတွေ့နေရဆဲပင်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အနေဖြင့်လည်း ယာဉ်လိုင်းများ၊ ကုမ္ပဏီများနှင့် ညှိနှိုင်း ဆောင်ရွက်နေရဆဲ အနေအထားပင် ရှိခဲ့သည်။ စနစ်တစ်ခု စတင်ပြောင်းလဲမှုတွင် အချိန်ကာလ သုံးလတာသည် တိုတောင်းသော ကာလတစ်ခုသာ ဖြစ်သော်လည်း အချိန်တိုအတွင်း လိုက်ပါပြောင်းလဲကာ ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်များ ရှိနေခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ဝေဖန်ခဲ့ကြသည်။

YBS စနစ် စတင်ပြောင်းလဲခြင်း တစ်လပြည့်မြောက်ခဲ့သည့်နေ့တွင် YBS စနစ်ပြောင်းလဲခြင်း၏ ဒုတိယမြောက် ခြေလှမ်းအဖြစ် သုံးလတာကာလအလွန်တွင် လက်ရှိစနစ်မှ နောက်ထပ် အဆင့်တစ်ဆင့်သို့ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သတင်းမီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲလုပ်ကာ တရားဝင် ထုတ်ဖော် ပြောကြားခဲ့သည်။ ယင်းမှာ YBS သုံးလအလွန်ကာလဖြစ်သည့် ဧပြီလကုန်ပိုင်းခန့်ကို ရည်ညွှန်းပြောကြားခဲ့ခြင်းဖြစ်ပြီး YBS အတွက် တရုတ်နိုင်ငံမှ ဘတ်စ်ကားသစ် အစီး ၁၀၀၀ ဝယ်ယူခဲ့ရာ ၂၀၁၇ ဇွန်လဆန်းမှသာ ကားသစ်များ လက်ခံရရှိခဲ့သည်။ ကားသစ်များ လက်ခံရရှိခဲ့သည့် အချိန်မှစတင်၍ ကားဟောင်းများ အပ်နှံလက်ခံခြင်းကို ဆောင်ရွက်ခဲ့ပြီး ကားသစ်များဖြင့် အစားထိုးပြေးဆွဲခဲ့သည်။ ယာဉ်လိုင်းတော်တော်များများတွင် ကားသစ်များ အစားထိုးပြေးဆွဲနိုင်ပြီဖြစ်သော်လည်း ကားဟောင်းများ ကျန်ရှိနေဆဲဖြစ်ပြီး ယာဉ်လိုအပ်ချက်များစွာလည်း လက်ရှိအချိန်အထိ ရှိနေဆဲပင်ဖြစ်သည်။

**တစ်နှစ်ပြည့်** YBS **နှင့် လိုအပ်ချက်များ**

YBS စနစ် စတင်သည်မှာ တစ်နှစ်ပြည့်မြောက်ပြီဖြစ်သည့်အချိန်တွင် ယာဉ်လိုင်းပေါင်း ၉၀ ကျော် ၁၀၀ ခန့် ရှိလာပြီဖြစ်သည်။ ခရီးသည်များ၏ လိုအပ်ချက်၊ ယာဉ်အစီးရေထပ်မံရရှိသည့်အပေါ် ထပ်မံတိုးချဲ့ပြေးဆွဲမည်ဖြစ်ရာ ယာဉ်လိုင်းပေါင်း ၁၀၀ ကျော် ရှိလာနိုင်မည်ဖြစ်သည်။ ယာဉ်လိုင်း ပေါင်း ၁၀၀ ကျော်၊ ယာဉ်အစီးရေ ၄၀၀၀ ဝန်းကျင်ခန့်သည် ယခင် မ-ထ-သ လက်ထက် ယာဉ်အစီးရေ ပမာဏနှင့် ကွာခြားမှုမရှိသော်လည်း ယာဉ်လိုင်း ၃၀၀ ကျော်မှ ၁၀၀ ခန့်အထိ ချုံ့လိုက်ရာတွင် အချို့နေရာများသည် နှစ်ဆင့် သုံးဆင့် စီးနင်းနေရသလို၊ အချို့လိုင်းများတွင် ယာဉ်အစီးရေ မလုံလောက်မှုကြောင့် ပြည့်သိပ်ကျပ်တောက်စွာ စီးနင်းနေရစဲပင်ဖြစ်သည်။ ပိုဆိုးသည်မှာ ယခင်က ညနေ ၆ နာရီနောက်ပိုင်းနှင့် ညကြီးပိုင်းအချိန်များတွင်သာ အောက်ဆိုဒ်ကား၊ ကြားကားများကို တွေ့ရသော်လည်း ယနေ့ YBS တစ်နှစ်ပြည့်မြောက်ချိန်တွင် ကြားကားများကို မနက် မိုးလင်းကတည်းက ခရီးသွားပြည်သူများ အားထားစီးနင်းနေရသည်ကို တွေ့ရသည်။ ယင်းအပြင် ညနေ အိမ်ပြန်ချိန်များတွင်လည်း အောက်ဆိုဒ်ကား၊ ကြားကားများကို အားကိုးနေရပြီး ခရီးသည်တင်ယာဉ်များပြေးဆွဲမှု မရှိသလောက် လျော့နည်းသွားခြင်းကြောင့် ဖြစ်သည်။ ယင်းအပြင် YBS ၏ ဝန်ဆောင်မှုလုပ်ငန်းများတွင် ယာဉ်နောက်လိုက် မထားရှိတော့



သော်လည်း အချို့ယာဉ်လိုင်းများတွင် ယာဉ်အကူကို ထားရှိ နေရဆဲဖြစ်သည်။ အဆိုပါ ယာဉ်အကူတို့သည် တစ်ခါတစ်ရံတွင် ငွေထည့်ပုံးထဲသို့ ငွေမထည့်စေဘဲ ငွေကောက်ခံနေသည်များလည်း ရှိနေသည်။ ယာဉ်မောင်းများ၏ စည်းကမ်းလိုက်နာမှုများ အားနည်းနေဆဲဖြစ်ပြီး ပြိုင်မောင်း၊ လုမောင်းခြင်း၊ လမ်းလယ်တွင် ရပ်တန့် ခရီးသည် တင်-ချခြင်း၊ ကျော်တက်ခြင်းများကိုလည်း တွေ့ရှိနေရပြီး စည်းကမ်းထိန်းသိမ်းမှုပိုင်းတွင် အားနည်းလျက်ရှိသည်ဟု ခရီးသွားပြည်သူများက ဆိုကြသည်။ အလားတူ ဘတ်စ်ကားနှင့် ရထားဘူတာများ ချိတ်ဆက်ပြေးဆွဲပေးမှု၊ ဘတ်စ်ကားနှင့် Water Bus ချိတ်ဆက်ပြေးဆွဲပေးနိုင်မှုများလည်း အကောင်အထည် မပေါ်သေးပါ။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က YBS စနစ်သည် တစ်နှစ်တာကာလပြည့်မြောက်ချိန်တွင် ပြီးပြည့်စုံသော စနစ်တစ်ခု ဖြစ်လာမည်ဟု ပြောကြားထားမှုများ ရှိခဲ့သည်။

YBS **နှင့် ပြုပြင်ပြောင်းလဲမှုများ**

YBS ယာဉ်လိုင်းများတွင် ယာဉ်နောက်လိုက်မှ ယာဉ်စီးခ ကောက်ခံမှုအစား ကိုယ်တိုင် ငွေထည့်ပုံးတွင် ထည့်သွင်းစီးနင်းရသည့်စနစ်ကို အကောင်အထည်ဖော်ခဲ့သော်လည်း ယာဉ်စီးခ အတိအကျမရရှိခြင်း၊ ငွေစက္ကူအစုတ်အပြဲများ ထည့်သွင်းသွားခြင်းစသည့် အခက်အခဲများဖြစ်ပေါ်နေပြီး နိုင်ငံတကာမြို့ပြပို့ဆောင်ရေးများနည်းတူ ခေတ်မီ ကတ်စနစ်သုံးငွေပေးချေစနစ် စတင်နိုင်ရန်အတွက် ပြည်တွင်းပြည်ပ ဖက်စပ်ကုမ္ပဏီများကို တင်ဒါခေါ်ယူခဲ့ရာ ၂၀၁၈ ဇန်နဝါရီ ၁၀ ရက်က တင်ဒါအောင်ကုမ္ပဏီကို ရွေးချယ်ကြေညာနိုင်ခဲ့သည်။ ယင်းသို့ ရွေးချယ်နိုင်ခဲ့ပြီးနောက် တင်ဒါပါ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း သုံးလအတွင်း ကတ်စနစ် ငွေပေးချေမှုစနစ် စတင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ ကတ်စနစ် စတင်နိုင်မည်ဆိုပါက ရန်ကုန်တစ်မြို့လုံးရှိ ယာဉ်လိုင်းများအားလုံး တစ်ပြေးညီ ကတ်စနစ် အသုံးပြုနိုင်မည်ဖြစ်ပြီး အခြားသော သယ်ယူပို့ဆောင်ရေးများတွင်လည်း အသုံးပြုလာနိုင်မည်ဖြစ်ရာ ငွေအကြွေ အခက်အခဲကိုလည်း ဖြေရှင်းသွားနိုင်မည်ဖြစ်သည်။ ယင်းအပြင် သိသာသော ပြောင်းလဲမှုမှာ ယာဉ်အသစ်များ အစားထိုးပြေးဆွဲခြင်းဖြစ်သည်။ ခရီးသည်အများစုက ယာဉ်အသစ်များဖြင့် ပြေးဆွဲခြင်းကို ကြိုဆိုကြသော်လည်း အဆိုပါယာဉ်များ၏ ကုန်ကျစရိတ်၊ စွမ်းဆောင်မှုနှင့် အာမခံသက်တမ်းတို့နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ သိရှိလိုကြသည်ဟုဆိုသည်။ ယင်းကြောင့်လည်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ယင်းအပေါ် ဆွေးနွေးဝေဖန်အကြံပြုပြောကြားလျက်ရှိသည်။ အလားတူ ပုဂ္ဂလိကကဏ္ဍမှလည်း ယာဉ်အသစ်များ တင်သွင်းလာခဲ့ရာ Omni Focus ကုမ္ပဏီက Foton ယာဉ်အသစ်များ၊ ဇန္နုလသယ်ယူပို့ဆောင်ရေးမှ ယာဉ်ထပ်မံတင်သွင်းမှုများ၊ အများပိုင် ကုမ္ပဏီဖြစ်သည့် လူထုမိတ်ဆွေကုမ္ပဏီက Foton ကားသစ်များ တင်သွင်းလာကာ YBS ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲလျက်ရှိသည်။ ယင်းကြောင့် ကားသစ်များ ထပ်မံပြေးဆွဲမည့်အခြေအနေ၊ လက်ရှိ ယာဉ်လိုင်းများအတွင်းရှိ ကားဟောင်းများ တဖြည်းဖြည်း ဖယ်ရှားသွားမည့်အနေအထားနှင့် Yangon Payment Services ၏ ကတ်စနစ်ငွေပေးချေမှုစနစ် စတင်နိုင်မည့်အချိန်ဖြစ်သည့် လာမည့် သုံးလတာ ကာလအတွင်း YBS ၏ ပြုပြင်ပြောင်းလဲနိုင်မှုများကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**အပျော်စီးရုံသက်သက် ရန်ကုန်ဝါးတားဘတ်စ်**

ရန်ကုန် မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး Yangon Water Bus ကို ၂၀၁၇ အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၇ ရက်မှ စတင်ကာ အများပြည်သူများအတွက် ပြေးဆွဲပေးခဲ့သည်။ စတင်ဖွင့်လှစ်စဉ်က လိုက်ပါစီးနင်းသူများ အထူးများ ပြားခဲ့ပြီး တိုးဝှေ့စီးနင်းခဲ့ရသော်လည်း လက်ရှိအချိန်တွင် စီးနင်းသူ ယခင်ကလောက် များပြားခြင်းမရှိပေ။ ရန်ကုန်ဝါးတားဘတ်စ်ကို လိုက်ပါစီးနင်းသူများ၏ အများစုသည် အသစ်အဆန်းတစ်ခုအနေဖြင့်သော်လည်းကောင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးကို လေ့လာမှုအနေဖြင့်သော်လည်းကောင်း၊ မော်တော်ယာဉ် ပို့ဆောင်ရေးနှင့် နှိုင်းယှဉ်လို၍သော်လည်းကောင်း၊ အသွား-အပြန် အပျော်လိုက်ပါစီးနင်းမှု အနေဖြင့်လည်းကောင်း လိုက်ပါစီးနင်းနေမှု အများဆုံးဖြစ်ပြီး အမှန်တကယ် သယ်ယူပို့ဆောင်ရေး ကဏ္ဍတစ်ခုအနေဖြင့် အသုံးပြုသူမှာ နည်းပါးနေသေးကြောင်း စုံစမ်းသိရှိရသည်။ ရန်ကုန်မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေးစနစ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ အောင်မြင်မှု ရရှိရန် ဆောင်ရွက်သွားမည်ဟုသိရပြီး လက်ရှိတွင် အပျော်စီးသက်သက် စီးနင်းသူများသာ များပြားနေရာ ဝါးတားဘတ်စ်နဲ့ အခြားသော သယ်ယူပို့ဆောင်ရေးများ အဆင်ပြေပြေ ချိတ်ဆက်ဆောင်ရွက်နိုင်ပါက ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကို ရှောင်ရှားနိုင်မည့် ထိရောက်သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်လာမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှတာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။ ယင်းသို့ ဖြစ်လာရန်လည်း မဖြစ်မနေ ပြောင်းလဲဖော်ဆောင်ရန် လိုအပ်ပြီး စနစ်တကျ စီမံကိန်းချ ကြပ်မတ်ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

**ကားသစ်များ ရောက်ရှိနေပြီဖြစ်သော်လည်း မပြေးဆွဲနိုင်သေးသည့်** School Bus

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကိုရီးယားနိုင်ငံမှ ကျောင်းကား အစီး ၂၀၀ ဝယ်ယူခဲ့ရာတွင် ယခုအချိန်အထိ စတင်ပြေးဆွဲနိုင်ခြင်း မရှိသေးဘဲ ကျောင်းကားစနစ် စတင်နိုင်ရန် လျာထားသည့် အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်ကြောင်း သိရသည်။ ယခုနှစ် စာသင်နှစ်တွင် ပြေးဆွဲနိုင်သည်ထက် လာမည့်စာသင်နှစ်တွင် ပြေးဆွဲ နိုင်ရန်သာဖြစ်နိုင်မည်ဟု အခြေခံပညာကျောင်းများမှ သိရသည်။ အစိုးရအနေဖြင့်လည်း ၂၀၁၈ ပညာသင်နှစ်မှ စတင်ကာ ကျောင်းကြို-ပို့ယာဉ်များအဖြစ် ဒိုင်နာ၊ လိုက်ခ်ထရပ်ကဲ့သို့သော ယာဉ်များကို ခွင့်ပြုတော့မည် မဟုတ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ကျောင်းကြို-ပို့ယာဉ်များအဖြစ် ပြေးဆွဲနိုင်သည့် ယာဉ်အမျိုးအစားနှင့် သတ်မှတ်စည်းကမ်းချက်များကို ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ထုတ်ပြန်ခဲ့ပြီး ကျောင်းကြို-ပို့ယာဉ်အဖြစ် ဆောင်ရွက်မည့် ယာဉ်များ၏ အရှေ့နှင့် အနောက်ဘက်တွင် School Bus ဟူသော စာသားပါရှိရမည်ဖြစ်ပြီး သတ်မှတ်ဆေးရောင် (အဝါရောင်) ဘယ်မောင်းယာဉ်များကိုသာ လုပ်ငန်းသုံး ကျောင်းကြို-ပို့ယာဉ်များအဖြစ် မှတ်ပုံတင် သက်တမ်းတိုးသည့်အခါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကညန တိုင်းဦးစီးမှူးက ပြောကြားထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၂၀၀ ကျော်၊ အလယ်တန်းကျောင်းပေါင်း ၃၀၀ နီးပါး၊ မူလတန်းကျောင်းပေါင်း ၂၀၀၀ ကျော်ရှိရာတွင် ယာဉ်ကြောပိတ်ဆို့မှု အဓိက ဖြစ်ပေါ်နေသော ကျောင်း ၂၂ ကျောင်းတွင် ကျောင်းကားကြို-ပို့ စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ စာသင်ကျောင်းများအနက် ကျောင်းကားစီမံချက် စတင်သွားမည့် ကျောင်း ၂၂ ကျောင်းတွင် လိုက်ခ်ထရပ်ယာဉ်များဖြင့် ကြိုပို့လုပ်နေသည့် ယာဉ်အစီးရေ ၃၀၀ ကျော် အား ယခုနှစ် စာသင်နှစ်တွင် နောက်ဆုံးထား ပြေးဆွဲခွင့်ပြုမည်ဟု တိုင်းဒေသကြီး အစိုးရက တရားဝင်ပြောကြားထားသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် Korea Trade Investment Promotion Agency (KOTRA), Posco Daewoo Corportion မှ ကျောင်းကား အစီး ၂၀၀ ဝယ်ယူရေး သဘောတူ စာချုပ်ကို မေ ၁၀ ရက်က ချုပ်ဆို ဝယ်ယူခဲ့ပြီး ဈေးနှုန်းအားဖြင့် တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၃၆၈၄၀ ခန့်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် အဆိုပါ ဈေးနှုန်းနှင့် ပြေးဆွဲနိုင်ရန်မှာ မတတ်နိုင်သော အခြေအနေများရှိနေပြီး လက်ရှိပြေးဆွဲနေသော မီနီဘတ်စ်များ၊ စူပါကာစတန်၊ ယာဉ်များကဲ့သို့ လုံခြုံစိတ်ချရသော ယာဉ်များဖြင့်သာ ဆက်လက်ပြေးဆွဲခွင့်ရရေးကို ကျောင်းသား မိဘများ၊ ကျောင်းကားပြေးဆွဲနေသူများက လိုလားလျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် အဆိုပါ ကျောင်းကားများကို မြေနီကုန်းယာဉ်ရပ်နားကွင်းအတွင်း ယာယီရပ်တန့်ထားရှိထားသည်။

ယင်းကြောင့် ပြီးခဲ့သည့် ၂၀၁၇ တစ်နှစ်တာအတွင်း ရန်ကုန်မြို့တော်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၈ တွင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် များစွာကျန်ရှိနေသေးသည်။ အဓိကအားဖြင့် အများပြည်သူ၏ ဆန္ဒ၊ သဘောထား၊ အသံများ၊ လိုအပ်ချက်များကို နားထောင်ရန်လိုအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များက အများပြည်သူများကို ကိုယ်စားပြုက လွှတ်တော်နှင့်အစိုးရ အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ခြင်းဖြင့် ၂၀၁၈ ကို ဆက်လက်ခရီးဆက်ရမည်ပင်ဖြစ်သည်။ ။

# Boys Over Flowers ဇာတ်လမ်းတွဲ၏ဒါရိုက်တာ ယာဉ်တိုက်မှုကြောင့် ကွယ်လွန်





တောင်ကိုရီးယားရဲ့ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်ပြီး အောင်မြင်တဲ့ ဇာတ်လမ်းတွဲပေါင်းများစွာကို ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ ဂျွန်ကီဆန်းဟာ လတ်တလောမှာတော့ ယာဉ်တိုက်မှုတစ်ခုတွင်ပါဝင်ခဲ့ပြီး ယင်းမတော်တဆမှုကြောင့်ပင် ကွယ်လွန်သွားခဲ့ရပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၃ ရက်မှာ ဂျွန်ကီဆန်းဟာ လမ်းဆုံတစ်ခုမှာ ကားလမ်းကို ဖြတ်ကူးနေစဉ်မှာပင် အငှားကားတစ်စီးက သူ့ကို ဝင်တိုက်ခဲ့တာဖြစ်ပါတယ်။ ယာဉ်တိုက်မှုဖြစ်ဖြစ်ချင်းမှာပင် သူ့ကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြပေမယ့် အသက်မကယ်လိုက်နိုင်ဘဲ ကွယ်လွန်သွားခဲ့တာလည်း ဖြစ်ပါတယ်။ သူ့ရဲ့ ဈာပနအခမ်းအနားကိုတော့ ရင်းနှီးသူတွေနဲ့သာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ဂျွန်ကီဆန်းဟာ တောင်ကိုရီးယားဇာတ်လမ်းတွဲပေါင်းများစွာကို ဒါရိုက်တာအဖြစ် အသက်သွင်းဖန်တီးပေးခဲ့သူဖြစ်ပါတယ်။ သူဟာ ကေဘီအက်စ်ရုပ်သံလိုင်းနဲ့ လက်တွဲခဲ့စဉ်အခါက “Sassy Girl Chun-hyang”၊ “Papa” နဲ့ “Bodyguard”စတဲ့ ရုပ်သံဇာတ်လမ်းတွဲတွေကို ပုံဖော်ပေးခဲ့ပါတယ်။

အဲဒီနောက် သူဟာ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်ကစတင်ပြီး အလွတ်တန်းဒါရိုက်တာတစ်ဦးအဖြစ် လှုပ်ရှားခဲ့ပြီးနောက် ဇာတ်လမ်းတွဲတွေကို ပိုမိုရိုက်ကူးခဲ့တာတွေ့ရပါတယ်။ သူ့ရဲ့လက်ရာတွေအနက် အအောင်မြင်ဆုံးသော ရုပ်ရှင်တွေကတော့ “Boys Over Flowers”၊ “My Girl”၊ “Witch Yoo Hee”၊ “To the Beautiful You” စတဲ့ ဇာတ်လမ်းတွဲတွေပဲ ဖြစ်ပါတယ်။

# ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ တစ်ကျော့ပြန်အချစ်ခရီးအတွက် မပျော်ရွှင်နိုင်ကြောင်း ဆယ်လီနာဂိုမက်ဇ်ရဲ့မိခင် ဖွင့်ဟ




ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှာ ပြန်လည်လက်တွဲခဲ့ကြတာ ဖြစ်ပါတယ်။ ယခင်က ချစ်သူတွေအဖြစ် သုံးနှစ်ကျော်ကြာ လက်တွဲခဲ့ပြီးနောက် လမ်းခွဲခဲ့ကြကာ နောက်တစ်ကြိမ် ပြန်လည်လက်တွဲခဲ့ရာမှာတော့ ဆယ်လီနာဂိုမက်ဇ်ရဲ့ မိခင်ဖြစ်သူက သမီးဖြစ်သူရဲ့ အချစ်ဇာတ်လမ်းနဲ့ပတ်သက်ပြီး သူ့အနေနဲ့ မပျော်ရွှင်နိုင်ကြောင်း လတ်တလောမှာ တရားဝင်ထုတ်ဖော် ပြောကြားလာခဲ့တာဖြစ်တယ်လို့ ကော့စမိုပိုလီတန်ဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲခဲ့ပြီးနောက် ဆယ်လီနာနဲ့ မိခင်ဖြစ်သူရဲ့ ဆက်ဆံရေးဟာ မပြေလည်ဖြစ်ခဲ့ရပါတယ်။ ယခင်လက်တွဲစဉ်ကတည်းက ဂျက်စတင်ဘီဘာကို မနှစ်သက်ခဲ့တဲ့ ဆယ်လီနာရဲ့ မိခင်က သမီးဖြစ်သူကို အကြိမ်ကြိမ် နာကျင်စေခဲ့သူနဲ့ ပြန်လည်လက်တွဲခဲ့တဲ့အပေါ် လက်မခံနိုင်ဖြစ်ခဲ့ပြီး မိသားစုပြဿနာဖြစ်ခဲ့ရပါတယ်။ ဆယ်လီနာရဲ့မိခင်က သမီးကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အန်ဖောလိုးလုပ်ခဲ့ပြီး ဆယ်လီနာကလည်း မိခင်ကို လူမှုကွန်ရက်စာမျက်နှာပေါ်ကနေ ဖျက်ခဲ့ပါတယ်။ မကြာသေးမီက မိခင်ဖြစ်သူရဲ့ ဓာတ်ပုံကို သူ့ရဲ့စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

သမီးဖြစ်သူနဲ့ သူ့ရဲ့ဆက်ဆံရေးအပြင် ဂျက်စတင်ဘီဘာအပေါ် သူ့ရဲ့အမြင်တွေကို မီဒီယာတွေကို ယခင်က ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိတဲ့ ဆယ်လီနာရဲ့မိခင်က လတ်တလောမှာတော့ ဂေါ့ဇစ်ကော့ပ်ကို ထုတ်ဖော်ပြောကြားလာခဲ့တာပါ။ ဒီလိုပြောကြားခဲ့ရာမှာတော့ သမီးရဲ့ လက်ရှိအချစ်ရေးနဲ့ပတ်သက်ပြီး သူ့အနေနဲ့ မပျော်ရွှင်နိုင်ကြောင်း ဆိုပါတယ်။ ဒါပေမယ့် သူက ဒါဟာ ဆယ်လီနာရဲ့ ဘဝဖြစ်နေတဲ့အတွက် သူ့စိတ်ကြိုက်နေထိုင်နိုင်ကြောင်းနဲ့ သူ ကျန်းမာနေမယ်၊ လုံခြုံပျော်ရွှင်နေသရွေ့တော့ သူလည်း သမီးဆန္ဒလိုသာ ဖြစ်စေချင်ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး သူက ဆယ်လီနာဟာ လက်ရှိမှာ အသက်(၂၅)နှစ်အရွယ်ရှိပြီဖြစ်တာကြောင့် သူ့ရဲ့ဘဝကို မိခင်ဖြစ်သူတစ်ယောက်အနေနဲ့ ထိန်းချုပ်ပုံဖော်လိုခြင်းမရှိဘဲ သူ့ရဲ့ဘဝမှာ သူကိုယ်တိုင် ရွေးချယ်မှုတွေ ပြုစေမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒ့ါအပြင် ဆယ်လီနာဟာ ရဲရင့်ပြီး ကြောက်ရွံ့ခြင်းကင်းတဲ့ သူတစ်ဦးဖြစ်ကာ သမီးဖြစ်သူရဲ့ ရဲရင့်တဲ့စိတ်ကို သူ့အနေနဲ့ ဂုဏ်ယူမိကြောင်းလည်း ဆယ်လီနာရဲ့ မိခင်က ရင်ဖွင့်ခဲ့တယ်လို့ သိရပါတယ်။

ပေ့ါပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ဟာ ဆယ်ကျော်သက်အရွယ်မှာ ချစ်သူတွေ ဖြစ်ခဲ့ကြပြီး ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာတော့ လမ်းခွဲခဲ့ကြပါတယ်။ လမ်းခွဲပြီးနောက်ပိုင်းမှာ ချစ်သူတွေ အသီးသီးရရှိခဲ့ကြပေမယ့် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာတော့ အချစ်ခရီးကို ပြန်ဆက်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ဟာ အချစ်ဟောင်းနဲ့ ပြန်လည်လက်တွဲခဲ့ပြီးနောက် မိသားစုနဲ့ ပြဿနာတွေဖြစ်ခဲ့ရပေမယ့် ဂျက်စတင်ဘီဘာနဲ့တော့ အဆက်အသွယ်မပြတ်ခဲ့ဘဲ အတူတွေ့နေရပါတယ်။ ဆယ်လီနာကတော့ ဂျက်စတင်ဘီဘာဟာ အတိတ်ကနဲ့ မတူတော့ဘဲ ပြောင်းလဲကာ ရင့်ကျက်သူတစ်ဦးဖြစ်ခဲ့ပြီဖြစ်ကြောင်း မိသားစုဝင်တွေကို သိလိုတာဖြစ်တယ်လို့လည်း သိရပါတယ်။



## အယ်လ်ဘမ်သစ်ထွက်ရှိဖို့ စောင့်ရတာမောနေပြီလို့ဆိုတဲ့ စီအယ်လ်

“2NE1”တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တေးဂီတအဖွဲ့ကို ဖျက်သိမ်းခဲ့ပြီးနောက် တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားနေတဲ့ စီအယ်လ်ဟာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်ခဲ့ပြီးနောက် လက်ရှိမှာတော့ တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်နေ့ကို စောင့်ဆိုင်းနေတာဖြစ်ပါတယ်။ သူ့ရဲ့အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်ရက်ကို ထုတ်ပြန်ကြေညာပေးခြင်း မရှိသေးတာကြောင့် စောင့်ဆိုင်းနေရတဲ့အပေါ် စိတ်ပျက်လာပြီဖြစ်ကြောင်း လှစ်ဟပြနေတဲ့ စာသားအချို့ကို စီအယ်လ်က လတ်တလောမှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

မကြာသေးမီက စီအယ်လ်ဟာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပို့စ်တစ်ခုကို ရေးသားဖော်ပြခဲ့ပြီး အဲဒီဖော်ပြချက်အောက်မှာ သူကိုယ်တိုင် ကွန်မန့်ပြန်လည်ရေးသားဖော်ပြခဲ့ရာမှာတော့ ဝိုင်ဂျီအန်တာတိန်းမန့်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်ထွက်ရှိဖို့ကို ထပ်မံစောင့်ဆိုင်းစေခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အဲဒီနောက် နာရီပိုင်းအကြာမှာတော့ စီအယ်လ်က စာသားအချို့ကို ယင်းလူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပြန်ပါတယ်။ သူဖော်ပြခဲ့တာကတော့ “ပိုက်ဆံ၊ ပိုက်ဆံ၊ ပိုက်ဆံ၊ သူတို့အားလုံး ဂရုစိုက်ကြတာကတော့ အဲဒါပါပဲ”လို့ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါကြောင့် ပရိသတ်တွေက စီအယ်လ်လ်ဟာ တေးအယ်လ်ဘမ်သစ်ထွက်ရှိဖို့အရေး စောင့်ဆိုင်းနေရတာကို စိတ်ပျက်နေပြီလို့ ဝေဖန်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

# သတင်းများအတွက် T-ara ကို မီဒီယာတစ်ခု တောင်းပန်

တောင်ကိုရီးယားရဲ့ လက်ရှိမှာ အောင်မြင်နေဆဲ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “T-ara”နဲ့ပတ်သက်ပြီး သတင်းအမှားကို ဖော်ပြခဲ့မိတာကြောင့် ပြန်လည်တောင်းပန်ခဲ့ရကြောင်း တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ “Section TV”က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ယင်းမီဒီယာက T-ara အဖွဲ့ဝင်တွေဟာ ပရိသတ်တွေဆီက တန်ဖိုးကြီးတဲ့ ဖိမ်ခံပစ္စည်းတွေကို လက်ဆောင်အဖြစ်ရယူခဲ့ကြောင်း ဖော်ပြခဲ့ပြီးတဲ့နောက် ဒီလိုဖြစ်ပျက်ခဲ့ခြင်းမရှိတဲ့အတွက် အဖွဲ့ကို တောင်းပန်စကားဆိုခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



မကြာသေးမီက T-ara အဖွဲ့ဝင်တွေဟာ ဇိမ်ခံကားတွေကို ရခဲ့ပြီး အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ အမ်ဘီကေအန်တာတိန်းမန့်ကိုလည်း ဇိမ်ခံကားတွေ လက်ဆောင်ပေးခဲ့သူက ငွေကြေးမြောက်မြားစွာ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တာပါ။ ဒီသတင်းတွေဟာ အခြေအမြစ် ခိုင်ခိုင်မာမာမရှိဘဲ ပေါ်ထွက်ခဲ့တာဖြစ်ပြီး သတင်းအမှားဟာ အချိန်တိုအတွင်းမှာပင် အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် ပျံ့နှံ့ခဲ့ပါတယ်။ ဒီသတင်းတွေကို ဖော်ပြခဲ့ကြတဲ့ မီဒီယာတွေအနက် “Section TV”လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ယင်းသတင်းဟာမှားယွင်းကြောင်း သိခဲ့ရချိန်မှာတော့ အဆိုပါသတင်းအတွက် T-ara ကို တောင်းပန်ကြောင်း ယင်းမီဒီယာက ပြန်လည်ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

“Section TV”က တရားဝင်တောင်းပန်စာကိုတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၄ ရက်မှာ ထုတ်ပြန်ပေးခဲ့တာလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

# အထူးဝမ်းမြောက်ကျေးဇူးတင်လွှာ

ဇန်နဝါရီလ (၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကြံ့နှစ်ကောင် ဘိလပ်မြေ၏
နှစ်ပတ်လည်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့ပါသော အနယ်နယ်အရပ်ရပ်မှ
အရောင်းကိုယ်စားလှယ်တော်ကြီးများ၊ မီဒီယာများ နှင့် အရောင်းဆိုင်ကြီးများမှ
မိတ်ဟောင်းမိတ်ဆွေသစ်ကြီးများအား " ကြံ့နှစ်ကောင် ဘိလပ်မြေ " မိသားစု မှ
အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ . . .

DOUBLE RHINOS CEMENT

ကြံ့နှစ်ကောင် ဘိလပ်မြေမိသားစု






ကျောင်းသားရေးရာဌာန
အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower)၊
ပေါ်လာတောင်ရပ်ကွက်၊ ပြည်လမ်း၊ ရန်ကုန်။
ဖုန်း - ၀၁ ၃၈၃၃၁၁၂ ၃၈၃၃၁၁၄၊ ၀၉ ၂၅၉၂၇၁၀၉၄

## တက္ကသိုလ်ဝင် စာမေးပွဲ မအောင်မြင်သူများအတွက် မဟာအခွင့်အရေး

" If you shed tears when you miss the sun, you will also miss the stars."
- *Rabindranth Tagore*

"နေမင်းကြီးနဲ့ လွဲသွားလို့ သင်မျက်ရည်တွေ စီးကျပြီး ကြေကွဲနေမယ်ဆိုရင် ကြယ်တာရာတွေနဲ့ ပါလွဲချော်သွားလိမ့်မယ်" ဆိုတဲ့ စကားကို တစ်မိုမ်စိုမ်တွေးကြည့်ပါ။

တက္ကသိုလ်ဝင်စာမေးပွဲ မအောင်လို့ စိတ်ဓာတ်ကျစရာမလိုပါ။ ဗြိတိန်နိုင်ငံက ချီးမြှင့်တဲ့ International High School Graduation Certificate ကို အရယူပေးမယ့် Victoria University College က ဖွင့်လှစ်တဲ့ University Preparation Programme (UNIPREP) တက္ကသိုလ် အကြိုပြင်ဆင်မှု သင်တန်းကို တက်ရန်ဆုံးဖြတ်ပါ။ Uniprep သင်ယူပြီးပါက Victoria University College တွင် သာမက နိုင်ငံတကာ တက္ကသိုလ်များတွင်ပါ ဆက်လက် ပညာသင်ယူခွင့်ရပါမည်။

• တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများအား ယင်း Uniprep သင်တန်းကို **January, 2018** တွင် စတင်သင်ကြားမည်။

တက္ကသိုလ်ဝင်စာမေးပွဲ လုံးဝမဖြေဆိုရသူများ Uniprep တက်ခွင့်မရှိပါ။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသော်လည်း မအောင်မြင်သူများသာ သင်ယူခွင့်ရှိပါမည်။



## 2018-19 အတွက် စီးပွားရေးအချက်အလက်များ ထည့်သွင်းနိုင်ပါပြီ

YOUR INDUSTRY, DIRECTORY




MANDALAY - Email: mdg.adv@mmdpub.com
YANGON - Email: ydg.adv@mmdpub.com

သင့်လုပ်ငန်းအတွက် အကောင်းဆုံး လမ်းညွှန်

# အထူးလှိုက်လှဲစွာဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

"ရွှေမင်းဝံသာသနာ့ရိပ်သာ" ပုညသီအမျိုးသမီးအဖွဲ့ကြီး၏ နာယကကြီး

အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါက်တာဒေါ်နီနီ၏ သမီးကြီး

သုဓမ္မသီဂီ၊ သီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ

## ဒေါ်စန္ဒာဝင်း ( ဒါရိုက်တာ )

### ရွှေသံလွင် ထရေးဒင်းကုမ္ပဏီလီမိတက် အား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ(၄)ရက်ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈ အရ လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သည့်

**"အဂ္ဂမဟာသီရိသုဓမ္မသီဂီ" ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက်**

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သက်ရှည်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း နှစ်သစ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

ရွှေမင်းဝံသာသနာ့ရိပ်သာဂေါပကအဖွဲ့နှင့်
ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့

---


### ကရုဏာရှင် အဆင့်မြင့် ဘိုးဘွားဂေဟာ

အဘိုးအဘွားများအတွက် ကျယ်ဝန်းသော ခြံဝင်းထဲမှာ မိသားစုနှင့် နေရသကဲ့သို့ နွေးထွေးသောမေတ္တာများဖြင့် အဆင့်မြင့်မြင့် နေထိုင်ရပါမည်။
ရက်ပိုင်းလည်း နေထိုင်နိုင်ပါတယ်။

ဖုန်း-၀၉-၅၀၀၃၈၀၂၊ ၀၉-၇၈၅၀၀၃၈၀၂

---

ဖဝင်အသည်းမှန်
Grade 7

---

### အောင်ထွန်းဟောစာတမ်းဌာန
AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(Occult Treatment)
(To make reservation well in advance)

---

### "ညှိနိုင်းဈေးနှုန်းစက်ရုံရောင်းမည်"

ရောင်းဈေး -သိန်း (၂၅၀၀)
09 785133119, 09 5133119,09 250021585

---

### YUDE — KMD Institute

Yangon University of Distance Education

ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း ဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းကာလ(၉)လပြည့်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။
၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှ စစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။
၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများ အတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**ထပ်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောက်(၈)၊ ထုံးလမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်။**
**ထပ်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ ဇန်နဝါရီလ (၂၉)ရက်၊ ၂၀၁၈ ခုနှစ်။**

☎ ဆက်သွယ်ရန်ဖုန်း

သင်တန်းကြေးများ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့်ပေးသွင်းနိုင်ပါသည်။

---




---

### ရွှေဥဒေါ့ဈေးမြင့်အမြန်ရောင်းမည် (ပွဲစားမရှိ)

- ပဟန်း၊ တက္ကသိုလ်ရိပ်သာလမ်း (၆၀×၆၄)ပေ အကျယ်ရှိ (၂)ထပ်တိုက်၊ နေရာကောင်း၊ ဈေးနှုန်း - ၁၂၀၀၀ သိန်း
- ရန်ကင်း၊ ဘောက်ထော် - ပြည်သာယာ (၅၅×၁၁၀)ပေ အကျယ်ရှိ မြေ(လမ်းကျယ်) ဈေးနှုန်း - ဥ၀၀၀ သိန်း
- ပဟန်း၊ သံလွင်လမ်း(ဝင်းဒါဗီယာ)(၄၀×၅၇)ပေ အကျယ်ရှိ မြေ (လမ်းကျယ်) ဈေးနှုန်း - ၆၆၀၀ သိန်း
- လှိုင်၊ ခေပါင်းလမ်း (၆၅×၅၀)ပေ အကျယ်ရှိ(၂)ထပ်တိုက် (မိသားစုနေရန်သင့်) ဈေးနှုန်း - ၆၀၀၀ သိန်း
- လှိုင်၊ အေးရိပ်မွန်အဆင့်မြင့်အိမ်ရာ(၅၀×၇၀)ပေ အကျယ်ရှိ(၂)ထပ်တိုက်၊ အိပ်ခန်း(၄)ခန်း၊ ဈေးနှုန်း - ၅၅၀၀ သိန်း
- မ/ဒုံ၊ ဗိုလ်မှူးဗထူးလမ်းပေါ် (၆၀×၈၅)ပေ အကျယ်ရှိ မြေ(နေရာကောင်း) ဈေးနှုန်း - ၃၆၀၀ သိန်း

09-5080073, 09-422888852, 09-422888853

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ဦးအောင်ခိုင်ဝင်း (LL.B, D.B.L, D.I.L, D.M.L, D.A.Psy)

ASIAN YGN TRAVELS & TOURS

ဗုဒ္ဓဂယာ အဆင့်မြင့်ဘုရားဖူးခရီးစဉ် (၇)ညအိပ် (၈)ရက်

Hotel Package (အိန္ဒိယ+နီပေါ) ၇.၂ ၊ ၂၁.၃ ၊ ၁၁.၄.၂၀၁၈ 1000$

ဒီဟာရီ–တက်လင်–ဂျိန်ပူ 410$

495$

asianygntravels.com

ရွှေဝိုင်းဝိုင်း 01-373275, 09-420227072, 09-448043431, 09-5177287

Volvo

ရွှေအလင်းတန်း

40000-

45000-

09-799885389, 09-428028175

ရွှေကြေးစည် မှ ကျိုက်ထီးရိုး/ရွှေတိဂုံ

01-240860, 01-373290, 09-400700373, 09402030373, 09445566373

ကိုညာဏ် KO NYAN
Car Rental & Travel Service

09-5078440, 01-551649, 01-208183

ရွှေအိုးကြီး Jan-19/26 Feb-2/9

Hotel (visa) 70000

95000

45000

09421073434, 7776366630

ရွှေခေါင်းလောင်း

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

Ever Clean Travel & Tour

| | |
|---|---|
| Trekking | Jan-26, Feb-9, 28 |
| | Jan-26, Feb-9, 28 |
| | Jan-26, Feb-9, 28 |
| | Jan-26, Feb-9, 28 |
| | Feb-9, 28 |
| | Feb-9, 28 |
| | Feb-9, 28 |

09-33886666, 09-795185522

## ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)

### နှစ်ပတ်လည် ဖိတ်ကြားလွှာ

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ... ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ မိတ်ဆွေများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)

(အမှုဆောင်အဖွဲ့)



ဆရာမကြီးဒေါ်မြင့်မိုရ်ခင်

နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ

ဆိုင်အမှတ်(၁) မဟာဝိဇယဘုရား၊ မြောက်ဘက်မုခ်၊ Ph-09421097827

သီဟာလင်း

(10',14',16',18',22')

01-570307
09-5112729
09-5126394

SEVEN 8

09-33 333 511
09-33 333 514
09-33 333 644

ဒေါ်စုစုထွေး B.Sc, B.Ed, M.Ed ကိုယ်တိုင်ဦးစီးတည်ထောင်ဖွင့်လှစ်သော

GREAT LIGHT

(၂၀၁၀–၂၀၁၉) ပညာသင်နှစ်အတွက်ကြိုတင်လက်ခံပါပြီ။

မူ / လယ် / ထက် ပြ ဆရာ / ဆရာမများ လာရောက်လျှောက်ထားနိုင်ပါသည်။

PUN HLAING SILOAM HOSPITALS

One Stop Medical Check Up Centre

- Basic Standard Package
- Executive Package
- Pre Marital
- Deluxe Package (Male)
- Deluxe Package (Female)
- Healthy Man
- Well Woman
- Heart Screening Package
- Master Whole Body Check Up

International Patient Assistance Centre
24/7 Hotline: 09 778 787 852
(Cashless Insurance Payment Available)

For Corporate Enquiries
khinhninppp@phsh.com.mm



Pun Hlaing Siloam Hospital (Yangon) 01 368 44 33

Pun Hlaing Siloam Hospital (Downtown Yangon) 09 513 7812

Pun Hlaing Siloam Hospital (Mandalay) 02 406 9203 (4 5 6)

FAME

LADYMAX™

Depigmentaion Cream

City Care ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။





Ph: 09-965 559 860, 09 731 422 16



မြတ်စွာဘုရားပထမဆုံးကျောင်းအလှူခံရာ ဝေဠုဝန်ကျောင်းတော်ရာအနီး ရာဇဂြိုဟ်မြို့၌ ကျောင်း ဒကာ/ဒကာမအဖြစ်ခံယူနိုင်ပါပြီ

အိန္ဒိယနိုင်ငံ၊ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့ ၌ ဆရာတော်ဒေါက်တာအရှင်ဣန္ဒဝံသ ( LL.B, M.A, Ph.D ) ဦးစီး တည်ဆောက်လျက်ရှိသော အောင်မြေရာဇဂြိုဟ်မြန်မာကျောင်းတော်ကြီး (Holly Land Rajagha Dhamma Centre) ၌ အမြတ်ဆုံးအိမ်မြစ်သည့် သာသနာ့မြေနှင့်ကျောင်းအလှူများ လှူဒါန်း၍ ကျောင်း ဒကာ/ဒကာမများအဖြစ် ခံယူနိုင်ပါကြောင်း နိဗ္ဗာန်လိုလားသောစိတ်ဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆောက်လုပ်ပြီးသောအခန်းများကို သွားရောက်ကြည့်ရှုနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ | သာသနာ့မြေ(၁)ပေပတ်လည် | - တစ်သောင်းကျပ် |
| | သာသနာ့မြေ(၁၀)ပေပတ်လည် | - ကျပ်သိန်း(၁၀) |
| ၂။ | ကျောင်းဆောင် (၁)ပေပတ်လည် | - တစ်သောင်းကျပ် |
| ၃။ | ဆွမ်းစားခန်းမ | - ကျပ်သိန်း ၃၀၀ (ဒေါ်လာ ၂၂,၂၀၀) |
| ၄။ | အိပ်ခန်းတစ်ခန်း(ဝန်ထုပ်အခန်း) | - ဒေါ်လာ ၅,၀၀၀/၆,၀၀၀ |
| ၅။ | ကောက်ရိုးတိုင်တစ်တိုင် | - ဒေါ်လာ ၂၀၀ |

ဆက်သွယ်လှူဒါန်းနိုင်သော နေရာဌာနများ

၁။ ဆရာတော်အရှင်ဣန္ဒဝံသ
☎ +၉၁ - ၈၀၀၄၄၁၈၄၅၉
၂။ ဆရာတော်အရှင်ဝဏ္ဏသာရ
☎ ၀၉ - ၄၃၀၂၃၀၆၂
၃။ ဝင်းနန္ဒဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
☎ ၀၁ - ၆၅၅၅၂၀၊ ၀၉ - ၅၆၀၀၀၂၇
၄။ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
☎ ၅၁၈၈၈၃၇၆၊ ၀၉ - ၄၃၂၀၀၈၄၆
၅။ စိုးစံမြင့်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
☎ ၀၉ - ၇၇၁၃၃၃၃၈၈



Modern Myanmar
ပုဂံ၊ ပုပ္ပါး 85000
ချောင်းသာ 33000 / 40000
ငွေဆောင် 45000
မြောက်ဦး ခဲဆောက် 100000
09-450047816, 09-253540004

ရွှေမျိုးရွှေပေါင်း
09-261222204, 09-261222205

သုံးရောင်ခြည် (မွန်း)
1-420144148, 421153797

ရောင်ခြည်ထိပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီးဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773


## အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့် ထာဝရကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌကြီး ဦးမောင်ကို၏ဇနီး အန်တီဒေါ်ရွှေဥအား **"သီရိသုဓမ္မသိင်္ဂီ"**ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**AR MAHN TRADING Co.,Ltd**
**အားမာန်ရောင်းဝယ်ရေးကုမ္ပဏီမိသားစု**


ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ............
စိန်ရွှေရတနာဆိုင်

ရွှေစုလိုသော Customer များအတွက်
အခေါက်တုံးများကို ၁ ကျပ်သားမှစ၍ အခေါက်ရွှေဈေးအတိုင်း
(လက်ခမပါ) ဝယ်ယူရရှိနိုင်ပါသည်။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext.801-802)



၂၄ နှစ်ကြာအောင်မြင်မှုရရှိထားပြီး ယုံကြည်စိတ်ချရခြင်း
ဂျပန်စာထပ်တန်းတစ်များကြော်ငြာခေါ်ယူခြင်း
2018 January 22/23 START
2018 October ဂျပန်ပညာတော်သင်ထွက်ရန်
ELEMENTARY-N5( Mon, Wed, Fri 9:30 AM ~ 11:40 AM) - 45000 Ks Per 3 Months
ELEMENTARY-N5 (Tue 9:30 AM ~ 11:40 AM/ Thurs 9:30 AM ~2:30 PM - 50mins Break)- 45000Ks Per 3 Months
ELEMENTARY-N5 ( Tue, Thurs 2:45 PM ~ 4: 55 PM) - 45000 Ks Per 3 Months
ELEMENTARY N4 ( Mon, Wed, Fri 9:30 AM ~ 11:40 AM) - 45000 Ks Per 3 Months
TEL: 01-558395,01-559534 AM 9:00 ~ PM 4:00
ADDRESS: NO.801,8FLOOR,YUZANA CONDORE TOWER,KOHMINKOHCHIN ROAD, BAHAN TOWNSHIP,YANGON.
MYANMAR LOGOS JAPANESE LANGUAGE CENTRE

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

တာဝတီသာ
09-32152526
09-421024222
09-31483218
09-49344288

မျိုး
8380164
09 5017088
09250640699

ခေတ်မီမြေပြင်ဓာတ်ပုံကင်မရာ
09 4200 35882
09 4200 35884

လိပ်ခေါင်း၊ ဂရင်ရိုနာ
09-73121554
ဖုန်း-09-73038158, 09-43088215

" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "






(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး

- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသောကြောင့် စီးပွားရေးအတွက်အတွင်းကျသောနေရာ ..........
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျရွှေပြည်သာ တံတား(၄)စင်းအနီးတွင်တည်ရှိ၍ လွယ်ကူစွာသွားလာနိုင်သောနေရာ ..........
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက် ပေါင်းစုထားသောနေရာ ..........
- နေထိုင်သူများအတွက်အဆင်ပြေကျနပ်မှုရရှိစေရန် စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ..........
- ခေတ်မီကာလကေဘားတွင်း သောက်သုံးရေနှင့် လျှပ်စစ်မီး ပြည့်စုံမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေအပျော်ရွှင်စေနိုင်မည့်နေရာ ....



ဖုန်း--၆၅၀၅၃၅၊ ၆၆၆၀၈၃၊ ၆၅၀၄၃၆၊ ၀၉--၇၃၀၅၄၄၂၄၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

"ဓမ္မသုခမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
*၂၀၁၇-၂၀၁၈ ခုနှစ် - ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
*(၁၀)နှစ်ပြည့် အထူးအစီအစဉ်
(၁၄) ညအိပ်(၁၅)ရက် ခရီးစဉ် ကားဖြင့် သွားပြီး ဟိုတယ်(၄)ညအိပ်၊
*ထွက်ခွာမည့် ရက်များမှာ- (28.Jan) (24.Mar) (07.Apr)
*(၇)ညအိပ်(၈)ရက်ခရီးစဉ် (03.Mar) (13.Apr) (Hotel) သီးသန့်
*(8/H)

ဗြဲတီစရီးသွားလုပ်ငန်း (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)
(၁)လပိုင်းအထူးခရီးစဉ်အတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
No(၄၄၃/A၄၃/B) Classic Strand Condo
ခရီးစဉ်တိုင်းစရိတ်ငြိမ်း

ဘကြီးဘွန်ကြီးလိမိတက်တရား

ဓမ္မဂင်္ဂါ ထွက်ပြီ...
ဖြန့်ချိရေး - ဇွန်မွှေ်စာအုပ်တိုက် အမှတ်-၂၇၇ ၃၅လမ်း (အပေါ်ဆုံးလွှာ)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၃၀၉၈၆၆၊ ၀၉-၅၀၄၃၁၆၄

ညီညီမင်း 09-444450446, 09-444450558, 09-250144709
Jan 19,26, Feb 2,9,16,23,28, Mar 2,9,16,23,30

ဂုဏ်ရည်ခရီးသွားလုပ်ငန်း Jan 12, 19, 26, Feb 2, 9

ရွှေပင့်ကူ
09-450214339, 09-423770047

ဌေမ
09442140334, 0978421767

ကားစီးလုံးငှားသည်။
AC-Express(45,33,25), (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II
Ph: 09-252522200, 09-33345545, 09-5089800

ရွှေခရီးစဉ် Jan 19
Hotel- 75000
Hotel- 75000

လိုချင်သူကို ပေးမယ့် ပြန်စာတစ်စောင် ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA) IELTS တန်းခွဲသစ် လက်ခံပြီ
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1) တစ်ပတ် (၆)ရက်တက်(၂)လ အထူး လက်ခံသင်ကြားပြီ
Essay, Letter ရေးနည်း ... တန်းခွဲသစ်များ Jan 21 မှစ၍
4 SKILLS Level(1,2,3) တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
လွယ်ကူမြန်ဆန်စွာ ပြောတတ်စေရန် SPEAKING သီးသန့် ၄၊လ အတန်း လက်ခံပြီ။
University
IELTS CD, DVD
4 Skills Band 7 IELTS ၄၊လ အထူးလက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D ဖွဲ့ဖက် သင်ကြားသည်။
အင်း၀ 0943125393
01 8398118,295798

ရောင်းမည်
(B.C.C ရှိပြီး)
ဖုန်း- 09-5401011, 09-73095677, 09-5002931

မိုးဖံ့ (ယင်း) ကုမ္ပဏီ
(open daily) (တနင်္ဂနွေ)မှအမြဲဖွင့်ရောင်း/ငှားမည်

| | | | |
|---|---|---|---|
| ၁။ကမာရွတ်၊ သံလွင်လမ်း | (92x130) | မြေ | 1Sq2.1L |
| ၂။ရွှေတောင်ကြားတစ္ဆေ့ထိုင်းဖိုင်ဝင်လမ်း | (70x140) | မြေ | 1Sq 2L |
| ၃။လှိုင်၊ ဓမ္မရိပ်မွန် | (75x75) | 2RC | 1Sq1.5L |
| ၄။စမ်းချောင်း၊ ဗေဒ္ဓလမ်း | (33x110) | 2BN | 9000L |
| ၅။တ/ဥ ပါရမီလမ်းမပေါ် | (40x60) | မြေ | 7500L |
| ၆။သဃ္ဃန်းကျွန်း သီရိရတနာရိပ်သာ | (60x80) | မြေ | 7500L |
| ၇။ကမာရွတ်၊ အင်းယားလမ်း | (35x60) | မြေ | 7200L |
| ၈။ဟိုင်း၊ ရွှေတောင်ကုန်း | (40x60) | မြေ | 6500L |
| ၉။ရန်ကင်း ပါရမီရိပ်သာ | (40x60) | မြေ | 2600L |
| ၁၀။မရမ်း(၅)ရပ်ကွက် - လမ်းသန့် | (40x130) | မြေ | 1800L |
| ၁၁။သာကေတ၊ မာန်ပြေလမ်း | (40x60) | 2PT | 1300L |
| ၁၂။မ/ဒုံ ကုန်းဘောင်အိမ်ရာ | (80x80) | မြေ | 1100L |
| ၁၃။သုဝဏ္ဏ VIP, M2,B3,A/C | (80x90) | 2RC | 15L |
| ၁၄။လှိုင်မြစ်လမ်းသွယ်,M1,B1 | (70x70) | 1RC | 11.5L |

01- 552742, 09 73500535,09 5060938,09 5060940

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
(၁၂/ဗဟန(နိုင်)၂၅၇၂၈)
ဒေါ်လှမ်းမေရီ
၁၂/ဗဟန(နိုင်)၀၆၂၈၁၂


PUN HLAING + SILOAM HOSPITALS
Heart Attack!
World-Class Cardiac Care
Gold Seal of Approval (JCIA, USA)
01- 368 44 11, 09-77 51 51 278

# နှစ်(၉၀)ဂရန်ကြီးကျပြီး ခြံဝိုင်းကွက်ကြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး၊ **(KLO)**စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာကောင်း၊ နှစ်(၉၀)ဂရန်ကြီးကျပြီး ခြံဝိုင်းဧရိယာအကျယ် (၅)ဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး ကျန်ခြံဝိုင်း(၄)ဧကနီးပါးခန့် စုစုပေါင်း(၉)ဧကခန့်ရှိသည့် ခြံဝိုင်းကွက်ကြီး ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၀၉ -၂၀၃၉၅၆၆၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၈၃၀၀၄၄၂၊ ၀၉-၄၅၈၀၂၃၆၁၀၊ ၀၉-၉၇၀၀၇၂၁၁


၂၀၁၈ - ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ

UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ Air-con တပ်ဆင်ထားသည်။

DAY CAMP - (၄)တန်းမှ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။

မူလတန်း၊ အလယ်တန်း - English 4 - skills၊ Kids invent သော Extracurricular Activities များပါဝင်သည်။

- Limited Class size
- Air-con

Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526





၂၀၁၈ - ၂၀၁၉ စာသင်နှစ်အတွက်

ကျောင်းအပ်လက်ခံပြီ

ဦးညာဏ်လွင်
B.Sc(Phy),M.Sc(Thesis)
၉ တန်းနှင့် ၁၀ တန်း
◆ ဘာသာစုံဝိုင်းများ
◆ ရူပဗေဒသီးသန့်တန်းများ

09-425372209,09-420737118,01-253205



ပန်းစေတားဒေါ်သုတ်အရွ

Unitex - 90,170, 220
Orient - 150, 250, 300
Premier - 220, 350, 400
ICI - 300, 400, 650

Ph:09-73200656



Chindwin Yadanar Co.,Ltd

၁။ ဆောက်လုပ်ရေးလုပ်ငန်းများ
၂။ ရုံး၊ စားသောက်ဆိုင်၊ အစားအစာထောက်ပံ့ခြင်း
၃။ စက်ယန္တရားငှားရမ်းခြင်း

လိပ်စာ။ ။ No.53,1F, Kaing Dan Street, Lanmadaw Township,Yangon.

ဖုန်း။ ။ (95) 01-225216, 01-225219, 09-5017837


# ""ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်""

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ဝေဇယန္တာလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်တွင် ရုံးခန်းဖွင့်လှစ်ထားသော SHWE GANDAMAR INTERNATIONAL TRADING LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

SHWE GANDAMAR International Trading Limited
မှတ်ပုံတင်စာချုပ်အမှတ် -၄/၁၄၀၅၃/၂၀၁၇

Gandamar Wholesale
မှတ်ပုံတင်စာချုပ်အမှတ် -၄/၁၄၀၄၇/၂၀၁၇

RUBY MART
မှတ်ပုံတင်စာချုပ်အမှတ် -၄/၁၄၀၄၈/၂၀၁၇

DeliRuby
မှတ်ပုံတင်စာချုပ်အမှတ် -၄/၁၄၀၄၉/၂၀၁၇

FAMILY
မှတ်ပုံတင်စာချုပ်အမှတ် -၄/၁၄၀၅၀/၂၀၁၇

Angel Bakery
မှတ်ပုံတင်စာချုပ်အမှတ် -၄/၁၄၀၅၁/၂၀၁၇

ဂန္ဓမာ
မှတ်ပုံတင်စာချုပ်အမှတ် -၄/၁၄၀၅၂/၂၀၁၇

SHWE GANDAMAR INTERNATIONAL TRADING LIMITED သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

SHWE GANDAMAR INTERNATIONAL TRADING LIMITED သည် "Gandamar Wholesale" အမည်အမှတ်အသားဖြင့် "Super Market" များကိုလည်းကောင်း၊ "RUBY MART" အမည် အမှတ်အသားဖြင့် "Super Market" များကိုလည်းကောင်း ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး "SHWE GANDAMAR" အမည်အမှတ်အသားကိုလည်း ကုမ္ပဏီ၏ Logo အမှတ်တံဆိပ်အဖြစ် သုံးစွဲလျက်ရှိပါသည်။

SHWE GANDAMAR INTERNATIONAL TRADING LIMITED သည် "DeliRuby" အမည် အမှတ်အသားဖြင့် "ကော်ဖီ၊ အအေး၊ မုန့်မျိုးစုံနှင့် စားသောက်ကုန်မျိုးစုံ" ကိုလည်းကောင်း၊ "Angel Bakery" အမည် အမှတ်အသားဖြင့် "ကော်ဖီ၊ အအေး၊ မုန့်မျိုးစုံ" တို့ကို လည်းကောင်း ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဆိုင်ခန်းနှင့် ဆိုင်ခန်းခွဲများ ဖွင့်လှစ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက် ရှိပါသည်။

SHWE GANDAMAR INTERNATIONAL TRADING LIMITED သည် "FAMILY" အမည်အမှတ်အသားဖြင့် "လူသုံးကုန်ပစ္စည်းအမျိုးမျိုး" တို့ကိုလည်းကောင်း၊ "ဂန္ဓမာ" အမည် အမှတ်အသားဖြင့် "အချိုသာဝတ်၊ အမျိုးသမီးဝတ်လုံချည် အမျိုးမျိုး" တို့ကို လည်းကောင်း ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို SHWE GANDAMAR INTERNATIONAL TRADING LIMITED ၏ တရားဝင် ခွင့်ပြုချက် မရရှိဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများက ဖြစ်စေ အတုပြုလုပ်ခြင်း၊ ထပ်ယောင်ထပ်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပ၍ သုံးစွဲပါက တည်ဆဲဥပဒေများ နှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြင့်အောင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၄၇)

ဒေါ်စန်းစန်းဝင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၄၈)

ဒေါ်သဇင်သင်းအောင်
အထက်တန်းရှေ့နေ(စဉ်-၂၈၇၃၅)

ဒေါ်မေသဉ္ဇာနိုင်
အထက်တန်းရှေ့နေ(စဉ်-၄၈၇၁၈)

**SAN SAN WIN &ASSOCIATES**
**Legal Practitioners and Conveyancers**

အမှတ်-၄၃၂ အခန်းအမှတ်-၁၆၊ ပထမထပ်၊ ကမ်းနားလမ်းနှင့် (၅၅)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၇၈၂၅၅၊ ၀၉ ၅၀၇၁၁၈၀၊ Email: zyh.ssw@gmail.com

ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၁
ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၂
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
TOP TEN
TOP TEN
FORWARD
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939

VISIT TO WIN BIG PRIZES
12 Dec 17 - 31 Jan 18
2018 Happy Anniversary & New Year Celebration
HOT DEAL PROMOTION
www.grandstylemm.com
GrandStyleMM
Thiriyadanar Wholesale Market Compound
GRAND STYLE YOUR PROJECT PARTNER
GRAND
Lighthouse
FOX

ပုလုတ်တုတ်
၂၃ နှစ်ပြည့်အထူးထုတ်
ပါဝင်နေကျကဏ္ဍများအပြင်
ပုလုတ်တုတ် စတစ်ကာလက်ဆောင်
ထည့်သွင်းထားပါသည်။
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ထွက်ပြီ။
၁,၅၀၀ ကျပ်

စကြာမင်း ထမြားနီ အထည်းဆေး

ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိပ်တားသွားဆုကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပေါင်းမြို့နယ်။
Ph: 01-646631, 09-73068161, 09-796008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(ဧ-၂)၊ အခန်း(၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ညောင်တန်းလမ်း
Ph: 09-6426261, 09-73226464
အရောင်းခန်းမ(၃) - အမှတ်(၂၉၁)၊ အရှေ့မြင်းခြံတိုးချဲ့ လမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်အထက်တန်း တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

Air Con အရောင်း/အဝယ် ဆရာ
Ph: 09 73095950
09 765085850

ရွှေနှင်းဆီ
အိမ်ခြံမြေ / အိမ်ခြံမြေ
09-425308777
09-770639155

မင်္ဂလာပါ
Box
09-450042704
09-250095116
09-420096296

လက်ရှိငှားရမ်းနေသော နေရာကောင်း
ဆိုင်းဘုတ်နေရာရောင်းရန်
ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင်
၁၁၅ မိုင် ယာဉ်ရပ်နားစခန်း
ပိတ္တူလာယာဉ်ရပ်နားစခန်း
09-773173300, 09-785505018

အိမ်ခြံမြေ
ကွန်ဒို/တိုက်ခန်း (အရောင်းသီးသန့်)

| | | | |
|---|---|---|---|
| Hill Top Vista | (1660Sqft) River View | 3800L |
| Space Yankin Condo | (2000Sqft) | 3500L |
| Grand | (1684Sqft) | 2500L |
| | (1650Sqft) | 2300L |
| | (1690Sqft) | 2250L |
| | (1350Sqft) | 2050L |
| G.E.M.S Condo | (900Sqft) | 2000L |
| Ocean East Point | (1500Sqft) | 1900L |
| | (900Sqft) | 1600L |
| | (1470Sqft) | 1450L |
| | (1380Sqft) | 1100L |

09799991090, 09799991092, 09799991095

"ကန့်ကွက်နိုင်ပါသည်"
အမှတ်(၅၇-က)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
09799991090, 09799991092, 09799991095
Email :rabbitfamilyrealestate@gmail.com


NCX
HONDA
DOUBLE
WIN CELEBRATION
2018!
By Honda NCX
X2
BUY 1
GET 2
WIN
200,000,000 KYATS
ဆိုင်ကယ်တစ်စီးဝယ်ယူသူတိုင်းအတွက် ကျပ်သိန်း ၂,၀၀၀ ကျော် တန်ဖိုးရှိ နှစ်ကြိမ်ကံထူးနိုင်မည့် ချက်ချင်းပေါက် ဗလာမပါ ခြစ်ကံစမ်း ဆုမဲများနှင့် ကံစမ်းမဲကူပွန်များ ရယူပါ။
Double Win Celebration 2018 ၏ ကံထူးရှင်စာရင်းများကို ၂၀၁၈ ခုနှစ် ဧပြီလတွင်ကြေညာသွားပါမည်
အသေးစိတ် အချက်အလက်များကို မြန်မာတစ်နိုင်ငံလုံးရှိ NCX Myanmar ၏ Honda မော်တော်ဆိုင်ကယ် အရောင်းပြခန်းများတွင် စုံစမ်း မေးမြန်းနိုင်ပါသည်။





ဒုတိယသမ္မတ ဦးမြင့်ဆွေ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနား တက်ရောက်

**နန်းယွန်း ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နန်းယွန်းမြို့ ရော့ကော့ရပ်ကွက်ရှိ ရိုးရာကွင်း၌ ကျင်းပသည့် ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်စိုးနှင့် ဗိုလ်ချုပ်သန်းထွဋ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နာဂမျိုးနွယ်စုတိုင်းရင်းသားခေါင်းဆောင်များ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီနာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များမှ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ်ပလန်)အဖွဲ့မှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေအား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နာဂရိုးရာဦးထုပ်ကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးယောင်ရန်းနှင့် အဖွဲ့ဝင်များအဖြစ် ဦးအောင်ဝင်း၊ ဦးအုံ့တော်၊ ဦးစင်းယုံနှင့် ဦးပါစိုးကြီးတို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နိုင်ငံတော်အလံအလေးပြု၍ ဖွင့်လှစ်ပြီး အခမ်းအနား သဘာပတိ နာဂတိုင်းရင်းသား ဦးယောင်ရန်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ၂၀၁၈ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ယခုကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ နိုင်ငံတော်အစိုးရကိုယ်စား တက်ရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။ နာဂတိုင်းရင်းသား လူမျိုးများ၏ နှစ်သစ်ကူးပွဲတော်တွင် နာဂဒေသအတွင်း မှီတင်းနေထိုင်ကြသည့် နာဂတိုင်းရင်းသားလူမျိုးများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုမွန်ကောင်းတောင်း၍ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့

# စည်သူအောင် တစ်ပွဲတည်း လေးဂိုးသွင်းပြီး ရတနာပုံအသင်း ဂိုးပြတ်အနိုင်ရ



ရတနာပုံနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**မန္တလေး ဇန်နဝါရီ ၁၅**

၂၀၁၈ ရာသီ MPT MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့နှင့် မော်လမြိုင်မြို့တို့၌ ကျင်းပရာ ရတနာပုံအသင်း ဂိုးပြတ်အနိုင်ရခဲ့ပြီး Southern အသင်းနှင့် GFA အသင်းတို့ သရေကျခဲ့သည်။ ပွဲမစမီ ဇန်နဝါရီ ၁၄ ရက်က ကွယ်လွန်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်း နည်းစနစ်ဒါရိုက်တာ ဦးဆန်းဝင်း(မြန်မာ့လက်ရွေးစင် ငွေခေတ်ဘောလုံးသမားဟောင်း၊ ၂၀၀၆ မာဒေးကားဖလားပြိုင်ပွဲ ချန်ပီယံ၊ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်)အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ခဲ့ပြီး လက်ပတ်အမည်းများ ဝတ်ဆင်ကစားခဲ့သည်။

**(မန္တလာသီရိကွင်း)**

**ရတနာပုံအသင်း - ငါးဂိုး**

**ရောဝတီအသင်း - နှစ်ဂိုး**

နိုင်ငံခြားသားကစားသမား ပါဝင်ခြင်းမရှိသော်လည်း ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်းသည် တောင်ပံကစားသမား စည်သူအောင်၏ သွင်းဂိုး လေးဂိုးအပါအဝင် အိမ်ကွင်း၌ ငါးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ပုံမှန်ခြေစွမ်း မပြသနိုင်ခဲ့ဘဲ အမှားများခဲ့သောကြောင့် အဖွင့်ပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ရတနာပုံအသင်းသည် ရဲကိုဦး၊ စည်သူအောင်၊ သက်နိုင်၊ မျိုးကိုထွန်း၊ သိန်းသန်းဝင်းတို့ကို အမာခံထားကာ အသစ်ခေါ်ယူထားသည့် ချမ်းငြိမ်းကျော်(ဂိုး)၊ ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်တို့ဖြင့် တွဲဖက်ပွဲထုတ်ခဲ့ပြီး ရောဝတီအသင်းမှာမူ နိုင်ငံခြားသားကစားသမားများအပြင် ဖြိုးကိုကိုသိန်း၊ ဗန်လားဟာရွှယ်၊ မင်းမင်းသူ၊ မိုင်အိုက်နိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ခုနစ်မိနစ်တွင် စည်သူအောင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းက

စာမျက်နှာ ၁၀ ကော်လံ ၅ သို့

